မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ၀ တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၁၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို လှည့်လည်ပင့်ဆောင်လာကြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်စေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

စစ်ကိုင်းမြို့ သောတာပန်ရပ်၌ အင်းဝခေတ်တနင်္ဂနွေမင်းက မြန်မာသက္ကရာဇ် ၁၀၈၆ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။

မင်္ဂလာအခမ်းအနားသို့ စစ်ကိုင်းမြို့ ဇေယျာသိန် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညာသီရိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသနှင့် ပဋ္ဌိပတ္တိမဟာဌာနမျှူး ဓမ္မဒူတဆရာတော် ပါမောက္ခဒေါက်တာအရှင်ဆေကိန္ဒတို့ အမှူးပြုသော စစ်ကိုင်းမြို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကြည်၊

စာမျက်နှာ ၃ ကော်လံ ၁ ○

ဆီးဂိမ်းပွဲတော်အတွက် ကူညီပံ့ပိုးပေးသူများ လိုဂိုနှင့်အမှတ်တံဆိပ်များ အသုံးပြုခွင့်ရမည်

သတင်း ➤ မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၈

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီ။ အိမ်ရှင်မြန်မာတို့ ဆီးဂိမ်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားလျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးကော်မတီအနေဖြင့် ကူညီပံ့ပိုးပေးသူ (စပွန်ဆာ)များ လက်ခံလျက်ရှိသည်။

"ဆီးဂိမ်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးသူတွေကို ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံမှာ ၄၄ နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရတဲ့ ကြုံတောင့်ကြုံခဲအခွင့်အရေးမှာ အခုလို ကူညီပံ့ပိုးပေးသူတွေ

စာမျက်နှာ ၉ ကော်လံ ၁ ▲

ယနေ့ မာတိကာ

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ လူသားတို့စားသုံးမည့် အစားအစာအတွက် သုတေသနပြုနေ — *စာမျက်နှာ - ၅*

ကျွန်တော်နဲ့ ဘာလင်မြို့ — *ဆောင်းပါး* — *စာမျက်နှာ - ၆*

ရာသီအဖွင့်မှာ မန်ယူတို့လုပ်မှုတွေဝေဆာခဲ့ — *စာမျက်နှာ - ၁၄*

တောင်တွင်းကြီးမြို့ ကျက်သရေဆောင်ရတနာပွင့်လှ ကန်တော်ကြီး — *စာမျက်နှာ - ၁၅*

ဥစားထက် အသားတိုးက ပိုပြီးတွက်ခြေကိုက် — *စာမျက်နှာ - ၁၆*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဥတုရာသီ တောကိုမှီ

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်ကြသော သစ်ပင်အားလုံးတို့သည် မိုးရေနှင့်ထိတွေ့ခွင့်ရသဖြင့် ရှင်သန်လန်းဆန်းကြကုန်၏။ မိုးဥတု မိုးကာလ မိုးရွာသွန်းလေသဖြင့် ဝန်းကျင်တစ်ခွင် စိမ်းလန်းသာယာကုန်၏။ သီးပင်စားပင်တို့ သီးနိုင်ပွင့်နိုင်ကြကုန်၏။ ပန်းမန်တို့လန်းဆန်းကြ၏။ သစ်တောသစ်အုပ်များ စိမ်းစိုကြ၏။ မိုးရေမိုးပေါက်တို့သည် သစ်ပင်တို့အတွက် အားဆေးပင်ဖြစ်၏။

မိုးကာလသည် သစ်တောသစ်ပင်တို့ကိုသာ အကျိုးပြုသည်မဟုတ်။ ဤသတ္တလောကကြီးတစ်ခုလုံးကိုပါ အကျိုးပြုလျက်ရှိပေသည်။ မိုးကောင်းစွာရွာသွန်းလေသဖြင့် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်း၊ ကျေးငှက်တိရစ္ဆာန်များ အစာရေစာကောင်းစွာရှာဖွေစားသောက်နိုင်ခြင်း စသောအကျိုးကျေးဇူးများလည်း ရှိပါသည်။ မိုးဥတုသည် လူသားတို့အတွက် များစွာအကျိုးပြုလျက်ရှိပါသည်။

ဤသို့ အကျိုးကျေးဇူးများလှသော မိုးရွာသွန်းခြင်း၏ အခြေခံအကြောင်းတရားများကို ဆန်းစစ်သော် သစ်ပင်သစ်တောများ ကောင်းစွာပေါက်ရောက်ရှင်သန်နေကြခြင်းကြောင့်ပင်ဖြစ်ပါသည်။ သစ်တောသစ်ပင်များရှိခြင်းကြောင့် မိုးရွာသည်။ တစ်ဖန် မိုးရွာခြင်းကြောင့်ပင် သစ်တောသစ်ပင်များ ရှင်သန်ကြီးထွားကြသည်။ ဤသို့ဖြင့် “ဥတုရာသီ တောကိုမှီ” ဆိုသည့်စကားအတိုင်း ရာသီဥတုနှင့် သစ်ပင်သစ်တောတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေကြပါသည်။

သစ်ပင်သစ်တောတို့ကောင်းစွာ ရှင်သန်ပေါက်ရောက်ရာ အရပ်ဒေသတစ်ခုသည် မိုးလေဝသကောင်းမွန်၏။ သို့သော် သစ်ပင်သစ်တောများ ကောင်းစွာမရှိသောအရပ်တို့မှာကား မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသော သဘာဝဘေးတို့နှင့်ကြုံတွေ့ရလေ့ရှိသည်။အကြောင်းသည်ကား သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းကြောင့်ပင်ဖြစ်ပါသည်။ ပညာရှင်တို့၏ တွက်ချက်မှုအရ တစ်စက္ကန့်လျှင် တစ်ဧကနှုန်း သစ်တောများ ပြုန်းတီးနေပြီး တစ်နှစ်လျှင် ဧက ၅၇ သန်းနှုန်း ထိခိုက်ပျက်စီးနေကြောင်း သိရသည်။

ထင်းခုတ်ခြင်း၊ တောမီးရှို့ခြင်း၊ သစ်တောများအတွင်း စက်ရုံများတိုးချဲ့လုပ်ကိုင်လာခြင်းတို့ကြောင့် နေ့စဉ်သစ်တောများ ပြုန်းတီးပျက်စီးလာလျက်ရှိပါသည်။ သစ်တောများပြုန်းတီးခြင်းသည် ကမ္ဘာကြီးပူနွေးလာခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။ သစ်တောသစ်ပင်များ ပြုန်းတီးပျက်စီးလာခြင်းသည် ရေရှည်တွင် လူသားတို့၏ ဂေဟစနစ်ကိုထိခိုက်လာနိုင်ပါသည်။

သို့ပါ၍ လူတိုင်းလူတိုင်းက သစ်တောသစ်ပင်များကို ထိန်းသိမ်းကြရန် တာဝန်ရှိပါသည်။ ထင်းခုတ်ခြင်း၊ တောမီးရှို့ခြင်းစသော သစ်တောကြီးများ ပျက်စီးစေမည့်အလုပ်ကို ရှောင်ကြဉ်ကြရပါမည်။ သစ်တော သစ်ပင်များ ထာဝစဉ်ရှင်သန်လန်းဆန်းနေပါမှ မိုးရွာမည်ဖြစ်ပါသည်။ ဥတုရာသီသည် တောကို တည်မှီလျက်ရှိပါသည်။ ရာသီဥတု ကောင်းမွန်ပါမှ လူသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၁၈

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၁၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ဗဟိုအဆင့် အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲဖွင့်

နေပြည်တော် ဩဂုတ် ၁၈

အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးအစီအစဉ်အဖြစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများ ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ စွမ်းရည်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ်အားလုံး၌ နှစ်စဉ် ပညာသင်နှစ်ဝက်တိုင်း အင်္ဂလိပ်ဘာသာဖြင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် စကားရည်လုပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ ယနေ့ ကျင်းပသော ပြိုင်ပွဲမှာ ယခင် ကျင်းပခဲ့သော ပြိုင်ပွဲထက်ပို၍ စိန်ခေါ်မှုမြင့်မားကြောင်း၊ ယှဉ်ပြိုင်သူများမှာ အင်္ဂလိပ်ဘာသာဖြင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲ ပြိုင်ပွဲသုံးမျိုးဖြစ်ပါကြောင်း၊ ပြိုင်ပွဲများ၏ ထူးခြားချက်မှာ ပြိုင်ပွဲဝင်သူများအား ယှဉ်ပြိုင်ရမည့် ခေါင်းစဉ်များကို ကြိုတင်အသိပေးထားမှုမရှိခြင်းပင် ဖြစ်ကြောင်း၊ ယနေ့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများ ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယှဉ်ပြိုင်သူများမှာ တက္ကသိုလ်အဆင့်ပြိုင်ပွဲနှင့် အဆင့်မြင့်ပညာဦးစီးဌာနအဆင့် ပြိုင်ပွဲများတွင် စွမ်းရည်ပြသနိုင်ခဲ့သူများပင်ဖြစ်ကြောင်း၊ ဤပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အင်္ဂလိပ်စာ ထူးချွန်ထက်မြက်ရုံသာမက ဗဟုသုတကြွယ်ဝမှုနှင့် ကြောင်းကျိုးဆက်စပ်တွေးခေါ်မှု၊ ပိုင်းခြားဝေဖန်ဆန်းစစ်မှုနှင့် တီထွင်ဆန်းသစ်စဉ်းစားမှု အရည်အသွေးများကိုလည်း အသုံးချရမည်ဖြစ်သဖြင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် ဘက်စုံထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဖြေဆို

ဗဟိုအဆင့် အင်္ဂလိပ်ဘာသာ စွမ်းရည်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူများအားလုံးသည် အင်္ဂလိပ်ဘာသာဖြင့် စာစီစာကုံးပြိုင်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ အမျိုးအစားသုံးမျိုးစလုံးကို ယှဉ်ပြိုင်ရပြီး ဗြိတိသျှကောင်စီမှ တစ်ဦးနှင့် ဩစတြေးလျနိုင်ငံမှ သုံးဦးပါဝင်သော နိုင်ငံခြားသား အကဲဖြတ်ဒိုင် လေးဦးက မေးမြန်းသည့် မေးခွန်းများကို ဖြေဆိုရမည်ဖြစ်သည်။

ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်လုံမြို့နယ်ခွဲ ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ဟိုပန် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင် ပန်လုံမြို့နယ်ခွဲ ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးကုသဝန်ဆောင်မှုပြုရန် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိဆေးရုံသုံးပစ္စည်းလေးမျိုး (Wheel Chair, Suction, Oxygen, Trally) ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်းဦး (ဟိုပန်ခရိုင် အုပ်ချုပ်ရေးမှူး)က ပန်လုံမြို့နယ် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ရာတွင် အသုံးပြုရန်အလှူရှင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်အဖွဲ့များက လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ယင်းပစ္စည်းများကို ပြည်သူဗဟိုပြုကုသရာတွင် အကျိုးရှိစွာသုံးစွဲရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများကို မြို့မိမြို့ဖ ဦးခွန်စိန်၊ အတွင်းရေးမှူး ဦးသန်းထွန်းဦးတို့က မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ဦးထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်တို့က ပန်လုံပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာအောင်မျိုးဦးထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

မြန်မာသက္ကရာဇ် ၁၀၈၆ ခုနှစ်တွင် အင်းဝခေတ် တနင်္ဂနွေမင်း တည်ထားကိုးကွယ်ခဲ့သည့် စစ်ကိုင်းမြို့ရှိ လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

စိန်ဖူးတော် ဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၌ တင်လှူပူဇော်မည့် စိန်ဖူးတော်အား ဆရာတော်ထံ ဆက်ကပ်စဉ်။ (သတင်းစဉ်)

❍ ရွှေဖုံးမှ

ဦးစိုးမောင်၊ ဦးလှထွန်း၊ ဦးဝင်းမြင့်နှင့် ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဦးရဲမြင့်၊ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ အရဏ်တော်အသင်းများမှ အသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့ ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်သမ္မတက စိန်ဖူးတော်၊ ဗုဒ္ဓစွယ်တော်ပွားနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များက ငှက်မြတ်နားတော်၊ ရတနာပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ထံမှ နိုင်ငံတော်သမ္မတအမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ကြပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စေတီပုထိုးများ ပျက်စီးယိုယွင်းခဲ့သည်။ ထို့အတွက် ပြည်ထောင်စုအစိုးရ ၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်သူများက ပျက်စီးယိုယွင်းသွားသော စေတီပုထိုးများကို အသစ်တစ်ဖန် ပြုပြင်ရန် စီမံဆောင်ရွက်ခဲ့သည်။ ဉာဏ်တော်အမြင့် ၁၂၂ ပေရှိ လေးကျွန်းမာရ်အောင် စေတီတော်မြတ်ကြီးသည်လည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။

ယခုအခါ ဓမ္မဒူတဆရာတော် ပါမောက္ခဒေါက်တာ အရှင်ဆေကိန္ဒအမှူးပြုသော အလှူရှင်များ၊ ရပ်ကွက်နေပြည်သူများက စေတီတော်မြတ်ကြီးကို ပြန်လည်မွမ်းမံပြုပြင်ပြီးစီးခဲ့သဖြင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ယမန်နေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော်မှ မန္တလေးမြို့သို့ ရောက်ရှိကြပြီး ညပိုင်းတွင်မဟာမုနိရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့သည်။

(သတင်းစဉ်)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများ အောင်မြင်စွာပြီးစီးရေး တိုက်တွန်းနှိုးဆော်ချက်

၁။ အတည်ပြုပြဋ္ဌာန်းကြေညာခဲ့ပြီးဖြစ်သော လယ်ယာမြေဥပဒေနှင့်အညီ တောင်သူလယ်သမားမိသားစုများ၏ သားစဉ်မြေးဆက် အဆက်ဆက် လယ်ယာမြေလုပ်ပိုင်ခွင့်ဘဝအာမခံချက် ခိုင်ခိုင်မာမာရရှိစေရေးအတွက် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများအား နိုင်ငံနှင့်အဝန်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

၂။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိပါက မိမိတို့လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေကို ဥပဒေနှင့်အညီ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းတို့အား တရားဝင်လွတ်လပ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်သမ္မတကြီး၏ ၉-၈-၂၀၁၃ ရက်နေ့ သမ္မတအိမ်တော်၌ ပြောကြားသည့်မိန့်ခွန်းတွင် **"တောင်သူလယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ၄င်းတို့ပိုင်ဆိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်များရလာသည်နှင့်အမျှ ချေးငွေရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာမည်ဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါ"** ဟု လမ်းညွှန်မှုပြုပြောကြားခဲ့သည်။

၄။ ယခုအခါ နေပြည်တော်ကောင်စီနယ်မြေတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းအား ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လုပ်ငန်းများ လျင်မြန်အောင်မြင်စွာပြီးစီးရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ချက်ရှိနေပါသည်။

၅။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့အနေဖြင့် နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ၏ လက်ငင်း ရေတို၊ ရေရှည်အကျိုးစီးပွားကို အလေးထား၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို အကြားအလပ်မကျန်အောင် အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးရေးအတွက် အဆင့်ဆင့်စီမံခန့်ခွဲခြင်းနည်းလမ်း၊ တောင်သူလယ်သမားများကိုယ်တိုင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်စေခြင်းနည်းလမ်းတို့အားဖြင့် ယခုထက်ပိုမို၍ အရှိန်အဟုန်မြှင့်တင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



နိုင်ငံတကာသတင်း

ဒိုင်ယာနာသေဆုံးမှု အစဖော် ဗြိတိန်ရဲဌာနက ပြန်လည်သုံးသပ်ခဲ့ရ

လန်ဒန် ဩဂုတ် ၁၈

ဝေလမင်းသမီး ဒိုင်ယာနာနှင့် မိတ်ဆွေဖြစ်သူဒိုဒီတို့ သေဆုံးရမှုနှင့်ပတ်သက်ပြီး သတင်းတိုင်ကြားချက်သစ်အပေါ် ပြန်လည်အကဲဖြတ်သုံးသပ်ခဲ့ရကြောင်း ဗြိတိန်ရဲဌာနက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

လန်ဒန်မြို့ပြရဲဌာနက သတင်းအချက်အလက်သစ် သို့မဟုတ် သတင်းပေးကို အသေးစိတ်ရှင်းလင်းပြောဆိုခြင်းမရှိကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ သို့ရာတွင် ဗြိတိန် စကိုင်းနယူးရုပ်သံက အဆိုပါ သတင်းအချက်အလက်သစ်သည် စစ်သားဟောင်းတစ်ဦး၏ ယောက္ခမဖြစ်သူများထံမှ ရရှိခြင်းဖြစ်ပြီး တော်ဝင်စစ်ဘက်ရဲဌာန လက်ချက်ကြောင့် ဒိုင်ယာနာမင်းသမီး သေဆုံးခြင်းဖြစ်သည်ဟု ဆိုထားကြောင်း ထုတ်လွှင့်ခဲ့သည်။

ဒိုင်ယာနာ၊ ဒိုဒီနှင့်ယာဉ်မောင်းတို့ သေဆုံးခဲ့ရခြင်းသည် ဗြိတိန်စစ်သားတစ်ဦး၏ လက်ချက်ကြောင့်ဟု စွပ်စွဲချက်တစ်ရပ်လည်းပါရှိနေသည်ဟု သတင်းတိုင်ကြားချက်သစ်အပေါ် ရိပ်ဖမ်းသံဖမ်းသိရှိထားကြောင်း စကိုင်းရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။

တော်ဝင်အသိုင်းအဝိုင်းကမူ ယခုသတင်းနှင့်ပတ်သက်ပြီး ထင်မြင်ချက်တစ်စုံတစ်ရာမပေးပေ။ သိပ်မကြာသေးခင်ကရရှိခဲ့သည့် ဒိုင်ယာနာသေဆုံးမှုသတင်း၏ ကွင်းဆက်နှင့် အဖြစ်မှန်နှင့်သတင်းကြား ကွာဟချက်များကို လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က ပြန်လည်သုံးသပ်ခဲ့ကြောင်းကို ကြေညာချက် ထုတ်ပြန်ခဲ့သည်။

"ဒါဟာ တစ်ဖန်ပြန်လည်စုံစမ်းစစ်ဆေးမှုတစ်ရပ်တော့မဟုတ်ပါဘူး။ ပြီး တော့ အမှုတွဲဖွင့်စစ်ဆေးဆောင်ရွက်နေခြင်းမျိုးလည်း မဟုတ်ဘူး"ဟူ၍ မြို့တော်ရဲတပ်ဖွဲ့မှူးဟောင်း ဂျွန်စတီဗင်စုံစမ်းစစ်ဆေးပြီးသားဖြစ်သည်ကို ရည်ညွှန်းလျက် ကြေညာချက်တွင် ဖော်ပြသည်။

ဒိုင်ယာနာတို့သေဆုံးမှုသည် လုပ်ကြံသတ်ဖြတ်မှု တစ်ရပ်မဟုတ်ဘဲ ယာဉ်မောင်းဖြစ်သူပေါလ်က အရက်သေစာသောက်စားထားပြီး အရှိန်လွန်မောင်းနှင်ခြင်းကြောင့်ဖြစ်ရသည်ဟု စတီဗင်က အမှုသွား အမှုလာပေါ် ကောက်ချက်ချထားသည်။

၁၉၉၇ ခုနှစ် ဩဂုတ် ၃၁ ရက်က ပါရီမြို့တွင်းရှိ ရိဇ်လ်ဟိုတယ်မှ အပြန် ဓာတ်ပုံသမားများဝိုင်းလိုက်ခြင်းမှလွတ်ရန် ကားမောင်းပြေးရာမှ ကားလမ်း ဥမင်လိုဏ်တစ်ခုအတွင်း ကားတိုက်မှုဖြစ်ခဲ့ကာ ဒိုင်ယာနာ၊ ဒိုဒီနှင့် ယာဉ်မောင်းတို့သေဆုံးခဲ့ကြခြင်းဖြစ်သည်။ **(ရိုက်တာ)**

ဂျာမန်ကမ္ဘာလှည့်ခရီးသွားတစ်ဦး ဗင်းနစ်တွင် ရေယာဉ်တိုက်မှုဖြင့် သေဆုံး

ရောမ ဩဂုတ် ၁၈

အီတလီနိုင်ငံ ဗင်းနစ်မြို့ မြောင်းမတော်ကြီးအတွင်း ခရီးသည်တင်ရေယာဉ်တစ်စင်းနှင့် ဂွန်ဒိုလာလှေတစ်စင်းတို့ တိုက်မိရာမှ လှေပေါ်ပါသူ ဂျာမန်ကမ္ဘာလှည့်ခရီးသွားတစ်ဦးသေဆုံးသွားပြီး ၎င်း၏ သုံးနှစ်အရွယ်သမီးငယ် ဒဏ်ရာပြင်းထန်စွာရရှိသွားသော ဖြစ်ရပ်တစ်ခု ဩဂုတ် ၁၇ ရက်က ဖြစ်ပွားခဲ့သည်။

သမိုင်းဝင် ဗင်းနစ်မြို့မှ နာမည်ကျော် ရီယယ်လ်တိုတံတားအနီး ရေယာဉ်နှစ်စင်းတိုက်မိသည့်နေရာတွင် သေဆုံးသူ ဂျာမန်အမျိုးသားကို ပြန်လည်တွေ့ရှိခဲ့ပြီး ၎င်း၏သမီးငယ်ကိုမူ ဦးခေါင်းတွင် ဒဏ်ရာရရှိထားခြင်းကြောင့် ကုသရန် ပါဒူဝါရှိဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားရကြောင်း ဗင်းနစ်မြို့ မီးသတ်ဌာနအကြီးအကဲက ပြောကြားသည်။ **(ရိုက်တာ)**

အီရန်တွင် ယူရေနီယမ်သန့်စင်စက် ၁၈၀၀၀ ပိုင်ဆိုင်ထားပြီဟုဆို

တီဟီရန် ဩဂုတ် ၁၈

အီရန်နိုင်ငံသည် ယူရေနီယမ်သန့်စင်စက် ၁၈၀၀၀ ကို အထိုင်ချထားပြီးဖြစ်ကြောင်း အီရန်နျူကလီးယားအကြီးအကဲဟောင်း၏ ပြောကြားချက်ကို ကိုးကားကာ အီရန်မီဒီယာများက ယမန်နေ့တွင် သတင်းဖော်ပြသည်။အမေရိကန်နှင့်၎င်း၏အနောက်မဟာမိတ်နိုင်ငံများက အီရန်သည် နျူကလီးယား လက်နက်နိုင်ငံဖြစ်လာစေရန် ရည်မှန်းအကောင်အထည်ဖော်နေသည်ဟူသော သံသယဖြင့် အီရန်၏ ယူရေနီယမ်သန့်စင်မှု အစီအစဉ်များကိုကန့်သတ်ရန်ဖိအားပေးနေသော်လည်းအီရန်ကငြင်းပယ်ကာ ၎င်းနျူကလီးယားဆိုင်ရာဆောင်ရွက်မှုများမှာ ငြိမ်းချမ်းသောရည်မှန်းချက်များသက်သက်အတွက်သာ ဖြစ်ကြောင်း အခိုင်အမာပြောကြားထားသည်။

အီရန်သမ္မတသစ် ဟက်ဆန်ရိုဟာနီက အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဆွေးနွေးပွဲများအသစ်ပြုလုပ်ရန် ကြိုဆိုလိုက်သော်လည်း အီရန်သည် ယူရေနီယမ်သန့်စင်မှုလုပ်ငန်းများ လုပ်ခွင့်ရှိသည်ဟု အခိုင်အမာပြောကြားထားသည်။ ၎င်းသည် နျူကလီးယား စေ့စပ်ညှိနှိုင်းရေးမှူးဟောင်းတစ်ဦးဖြစ်ပြီး အီရန်၏ယူရေနီယမ်သန့်စင်မှုများကို ဆိုင်းငံ့ရန်ကနဦးသဘောတူညီထားသူဖြစ်သည်။

အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယားစွမ်းအင်စက်ရုံနှစ်ရုံတွင် အိုင်အာရ်-ဝမ်းအမျိုးအစား ယူရေနီယမ်သန့်စင်စက် ၁၆၆၀၀ကို အကြမ်းထည်တပ်ဆင်ပြီးဖြစ်ကြောင်း ကုလသမဂ္ဂစောင့်ကြည့်ရေးအဖွဲ့တစ်ခုက သတင်းပေးထားသည်။ အီရန်နျူကလီးယားအကြီးအကဲဟောင်း အက်ဘာဆီဒါဗာနီက ပိုမိုခေတ်မီအဆင့်မြင့်သော ယူရေနီယမ်သန့်စင်စက်အသစ် ၁၀၀၀ မှာ စတင်လည်ပတ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း အိုင်အာရ်-တူးအမ်အမျိုးအစား ယူရေနီယမ်သန့် စင်စက်များကို ရည်ညွှန်း၍ ပြောကြားလိုက်ရာ ၎င်းသည်အိုင်အာရ်-ဝမ်းထက် အဆပေါင်းများစွာ ပိုမိုလျင်မြန်စွာ ယူရေနီယမ်သန့်စင်ပေးနိုင်သည်။ **(ရိုက်တာ)**

အလာစကာနွေ တောမီးလောင်ကျွမ်းမှု မီးခိုးနှင့်ရေကြီးမှုတို့ကြုံရ

အန်ကာရေ့ချ်(အလာစကာ)ဩဂုတ် ၁၈

အလာစကာဒေသခံပြည်သူများအဖို့ ပုံမှန်မဟုတ်ဘဲ ထူးထူးခြားခြား နွေဥတုဖြစ်စဉ်များဖြစ်သော နွေးထွေး၍ နေရောင်တောက်ပသော နွေဥတုကြောင့် ပျော်ရွှင်ကြည်နူးခဲ့ကြရသော်လည်း တောမီးများကျယ်ကျယ်ပြန့်ပြန့် လောင်ကျွမ်းခြင်းကြောင့် မီးခိုးငွေ့များဖြင့် မွန်ထူမွန်းကျပ်ခြင်း၊ နှင်းများနှင့် ရေခဲမြစ်များလျင်မြန်စွာအရည်ပျော်မှုကြောင့် မြစ်များရေလျှံခြင်းနှင့် အယ်လ်ဂျေးရေမှော်များ ထူထပ်ခြင်းကြောင့် ငါးဖမ်းလုပ်ငန်းများ ထိခိုက်ခြင်းတို့ကိုပါ တွေ့ကြုံလာကြရသည်။

ယခုနှစ်နွေရာသီအတွင်း အလာစကာပြည်နယ်တစ်ခွင် တောမီးလောင်ကျွမ်းမှုအကျယ်အဝန်းမှာ ဧက ၁ ဒသမ ၂၅ သန်း (ဟက်တာ ၅၀၀၀၀၀)ထိရှိခဲ့သည်။ ဩဂုတ် ၁၆ ရက် တစ်နေ့တည်းတွင် တောမီးလောင်ကျွမ်းမှု ၇၀ ရှိရာ ဖဲယားဘန့်ခ်အရှေ့တောင်ဘက် ၉၅ မိုင်ခန့်အကွာ မြစ်ဝကျွန်းပေါ်လမ်းဆုံအနီး ၅၇၈၇၀ ဧက (ဟက်တာ ၂၃၄၀၀) လောင်ကျွမ်းမှုလည်း ပါဝင်သည်။

အဆိုပါဒေသအနီး နေထိုင်သူဒေသခံများအား မီးခိုးငွေ့များကြောင့် အိမ်တွင်း၌သာ နေထိုင်ကြရန် ယခုရက်သတ္တပတ်စောစောပိုင်းက အကြံပေးတိုက်တွန်းထားရသည်။ အလာစကာပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏ အဆိုအရ လေထုအရည်အသွေးမှာ ကျန်းမာရေးကို အလွန်ထိခိုက်စေသည့် ဒုတိယအဆင့် အဆိုးရွားဆုံးအခြေအနေတွင် ရှိနေသည်။

ယခုနှစ်တောမီးရာသီမှာ ကြီးကြီးမားမား၊ အကြိမ်ရေများများနှင့် ပို၍ကြာကြာလောင်ကျွမ်းသည့် ပုံစံဖြစ်သည်ဟု အလာစကာပြည်နယ် အမျိုးသားမိုးလေဝသဌာနမှ ရာသီဥတုသိပ္ပံမန်နေဂျာ ရစ်ခ်သောမန်က ပြောကြားသည်။ အလာစကာတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း နွေရာသီ ၁၁ ခု၌ ဧကတစ်သန်းကျော် တောမီးလောင်ကျွမ်းခဲ့ပြီးဖြစ်သည်။ **(ရိုက်တာ)**

မင်္ဂလာဆောင်ပြန် သတို့သမီးကား တောင်ကျချောင်းထဲမျော ၂၇ ဦးသေဆုံး

ဆာနား ဩဂုတ် ၁၈

ယီမင်နိုင်ငံတောင်ပိုင်း၌ မုတ်သုံမိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကျချောင်းတစ်ခု အတွင်း မိုးရေများ ဒလဟောစီးဆင်းလျက်ရှိသည်။ မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှပြန်လာသော ကားများဖြတ်မောင်းခဲ့ရာ ရေစီးအတွင်းမျောပါသွားသဖြင့် အနည်းဆုံး ၂၇ ဦး သေဆုံးပြီး ၄၁ ဦး ထက်မကပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

သေဆုံးသူအများစုသည် အမျိုးသမီးများနှင့်ကလေးများဖြစ်ကြသည်။ ယင်းတို့သည် သတို့သမီးနှင့် အတူ ကားသုံးစီးအတွင်း ခြံရံလိုက်ပါလာခဲ့ကြသည်။ ရှာရက်ခရိုင်တိုက်ဇ်နှင့် အစ်ဘ်ပြည်နယ်ကြား ဝါဒီနက်ခ်လာချောင်းကိုဖြတ်ကူးပြီး နေအိမ်သစ်ဆီသို့အသွား ရေစီးထဲမျောပါသွားခဲ့သည်။ သို့သော် သတို့သမီးသည် ထိခိုက်ဒဏ်ရာသာရပြီး အသက်ရှင်လျက်ရှိသည်ဟုဆိုသည်။ ကယ်ဆယ်ရေးအဖွဲ့က ပျောက်ဆုံးသူများအား ဆက်လက် ရှာဖွေနေဆဲဖြစ်သည်။ လူရှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာသတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

နျူကလီးယားစွမ်းအင်နှင့် ဗီယက်နမ်

မောင်မဟာ

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတဲ့ ဗီယက်နမ်နိုင်ငံဟာ ဓာတ်အား အသုံးပြုမှု တိုးတက်များပြားလာတာမို့ နျူကလီးယား ဓာတ်အားထုတ်လုပ် အသုံးပြုဖို့အတွက် ဗီယက်နမ်အစိုးရက ခွင့်ပြုပေးလိုက်ပြီဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ လက်ရှိ ဓာတ်အားသုံးစွဲမှုအတိုင်းသာ ဆက်လက် မြင့်တက်သွားရင် လာမည့် ၂၀၂၀ ပြည့်နှစ်မှာ ဓာတ်အားလိုအပ်ချက်တွေများပြားပြီး နိုင်ငံရဲ့စီးပွားရေး တိုးတက်မှုအပေါ် ကြီးမားတဲ့ရိုက်ခတ်မှုတွေ ဖြစ်ပေါ်ကြုံတွေ့လာနိုင်တာမို့ နျူကလီးယားစွမ်းအင်သုံးစွဲဖို့အတွက် ဗီယက်နမ်အစိုးရက ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်မို့ ဗီယက်နမ်အစိုးရဟာ နိုင်ငံအလယ်ပိုင်းမှာ နျူကလီး ယားဓာတ်အားပေးစက်ရုံငါးရုံ တည်ဆောက်ဖို့ခွင့်ပြုခဲ့တာဖြစ်ပြီး အဲဒီ စက်ရုံတွေကို ၂၀၁၅ ခုနှစ်ကုန်မှာ လုပ်ငန်းတွေစတင်နိုင်ဖို့ မျှော်မှန်း ထားပါတယ်။

ဒီစက်ရုံတွေ တည်ဆောက်ဖို့ အတွက် ရုရှားအစိုးရက ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ထုတ်ချေးဖို့သဘောတူထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီနျူကလီးယားစက်ရုံတွေ တည်ဆောက်ဖို့အတွက် ရုရှား နိုင်ငံက နျူကလီးယားပညာရှင်တွေ ကျွမ်းကျင်သူတွေက လာရောက်ကူ ညီပေးမှာဖြစ်ပါတယ်။

> **“ စက်ရုံတွေ တည်ဆောက်ဖို့အတွက် ရုရှားအစိုးရက ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ထုတ်ချေးဖို့ သဘောတူထားပြီးဖြစ် ”**

နျူကလီးယားစွမ်းအင် စက်ရုံငါးရုံအနက် ပထမ စက်ရုံနှစ်ရုံကို ၂၀၁၄ ခုနှစ်ကုန်မှာ စတင်တည်ဆောက်မှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှာ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာ တည်ဆောက် မယ့်နျူကလီးယားစက်ရုံတွေအတွက် နျူကလီးယားနည်းပညာဌာနတစ်ခုကို ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကုန်းမြင့် ဒေသမှာ တည်ဆောက်တော့မှာဖြစ် ပြီး ကုန်ကျငွေ အမေရိကန်ဒေါ်လာ ဘီလီယံ တစ်ဝက်ခန့် ရှိတယ်လို့ ဆိုပါတယ်။ အဲဒီနျူကလီးယားဌာနကို နှစ်နှစ်အတွင်းမှာအပြီးတည်ဆောက် ဖို့စတင်နေပြီး ရုရှားကျွမ်းကျင်သူတွေ က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြမှာ ဖြစ်ပါ တယ်။

ဗီယက်နမ်နိုင်ငံဟာနျူကလီးယား နည်းပညာကို ရုရှားဆီက ယူမှာဖြစ် သလို ဂျပန်နိုင်ငံက ပံ့ပိုးကူညီပေးမှု အတွက် ရယူဆောင်ရွက်မှာဖြစ်ပါ တယ်။ ဂျပန်နိုင်ငံက နျူကလီးယား စွမ်းအင်မဂ္ဂါဝပ် ၂၀၀၀ ရအောင် ကူညီပံ့ပိုးပေးဖို့သဘောတူထားသလို ရုရှားတို့ကလည်း နျူကလီးယားဓာတ် အား မဂ္ဂါဝပ် ၂၀၀၀ရရှိအောင် ကူညီ ပေးဖို့သဘောတူထားကြပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ၁၉၉၅ ခုနှစ်ကတည်းက နျူကလီးယားစွမ်း အင်ရရှိနိုင်ရေး ကြိုးစားနေခဲ့တာဖြစ် ပါတယ်။

မဲခေါင်မြစ်အောက်ပိုင်း သုံးနိုင်ငံ အနက် တစ်နိုင်ငံဖြစ်တဲ့ ဗီယက် နမ်နိုင်ငံဟာ ၂၀၀၉ ခုနှစ်က ရေအား လျှပ်စစ် ၃၃ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့မှ ၁၇ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ခြောက်ရာခိုင် နှုန်းနဲ့ ရေနံမှ ခြောက်ရာခိုင်နှုန်း ထုတ်ယူနိုင်ခဲ့ပေမယ့် ၂၀၁၂ ခုနှစ်မှာ ရေအားမှ ၄၅ ရာခိုင်နှုန်း၊ ကျောက်မီး သွေးမှ ၂၄ ဒသမ ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၄၅ ဒသမ ၇ ရာခိုင်နှုန်း၊ ရေနံမှ ၀ ဒသမ ၅ ရာ ခိုင်နှုန်းနဲ့ တရုတ်မှ ဝယ်ယူသုံးစွဲမှု ဓာတ်အား ၄ ဒသမ ၆၅ ရာခိုင်နှုန်း အထိရှိခဲ့ပါတယ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး စက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ မြင့်တက်လာတာမို့ ၂၀၁၅ ခုနှစ်မှာ ဓာတ်အား လိုအပ်ချက် ၁၀၀ ဘီ လီယံကီလိုဝပ်နာရီအထိ ရှိလာမယ် လို့ မျှော်မှန်းထားတာမို့ ဗီယက်နမ် အစိုးရဟာ နျူကလီးယားဓာတ်အား ပေးစက်ရုံတွေ တည်ဆောက်ဖို့ စီစဉ် နေခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတကာသတင်း

ထိုင်းနိုင်ငံသားလေးဦး သေနတ်သမားများပြန်လွှတ်

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း၌ လွန်ခဲ့သော သီတင်းပတ်က အမည်မသိသေနတ်သမားများ၏ ပြန်ပေးဆွဲခံရသော ထိုင်းနိုင်ငံသား လေးဦးအား ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း တောင်ပိုင်းမြစ်ဖျား ပြည်နယ်တာဝန်ရှိသူများက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။ ထိုင်းနိုင်ငံသား လေးဦးကို ဩဂုတ် ၁၇ ရက် နံနက် ၂ နာရီက ပြန်လွှတ်ပေးခဲ့ကြောင်း စိုက်ပျိုးရေးဆိုင်ရာ ကော်မရှင်နာ အီမာနူရယ်ချင်းဒက်ချ်က ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားသည်။ အဆိုပါ ထိုင်းနိုင်ငံသား လေးဦးသည် ဩဂုတ် ၉ ရက်က တောင်ပိုင်းမြစ်ဖျား ပြည်နယ်၌ ငါးဖမ်းလုပ်ငန်းတစ်ခုသို့ အလုပ်လုပ်ရန်အသွား ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်။

နိုင်ဂျီးရီးယားသူပုန် မြို့ကိုဝင်စီး

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ စစ်တပ်နှင့် ဘိုကိုဟာရမ်သူပုန်တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ ၁၈ ဦးသေဆုံးသွားကြောင်း စစ်ဘက်သတင်း ရပ်ကွက်နှင့်တာဝန်ရှိသူများက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။ ဘိုကို ဟာရမ်သူပုန်များက နိုင်ဂျီးရီးယားမြောက်ပိုင်း၌ အစ္စလာမ့်စ် ဥပဒေပြဋ္ဌာန်းပေးရန် တောင်းဆိုထားသည်။ ယင်းတို့သည် အာဖရိက၏ရေနံအများဆုံး တင်ပို့သည့် နိုင်ဂျီးရီးယားနိုင်ငံတည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ဘိုကိုဟာရမ်အဖွဲ့ သည် ဩဂုတ် ၁၅ ရက်က ဒန်ဘောမြို့ တိုက်ခိုက်မှုတွင် လူ ၁၁ ဦးကို သေနတ် နှင့်ပစ်သတ်သွားသည်။ စစ်သားများကို သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ ဆိုင်များကို မီးရှို့ခြင်း၊ အရပ်သားများကို ပစ်သတ်ခြင်းများပြုလုပ်ခဲ့ကြသည်။ သေနတ်သမား ၅၀ ခန့်သည် အဆိုပါမြို့သို့ ကား၊ မော်တော်ဆိုင်ကယ်များနှင့် ရောက်ရှိလာပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည်။ ဒေသခံများအနေဖြင့် လွတ်ရာလွတ်ကြောင်း ကျေးလက်တောရွာများသို့ ထွက်ပြေးကြရသည်ဟု ဆိုသည်။

အာရှ-ပစိဖိတ်ဒေသအတွင်း ၂၀၂၀ ခုနှစ်တွင် သစ်တောဟက်တာ သန်း ၂၀ တိုးရေး အေပက်ဆောင်ရွက်မည်

လာမည့် ၂၀၂၀ ပြည့်နှစ်အရောက်တွင် သစ်တောဟက်တာ သန်း ၂၀ တိုးတက်များပြားလာရေး မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး (အေပက်)အဖွဲ့ဝင်များက ပီရူးနိုင်ငံ ကက်စကိုမြို့၌ကျင်းပသော နှစ်ရက်ကြာအစည်းအဝေးတွင် ကတိပြု ပြောဆိုလိုက်ကြသည်။ ယင်းအစည်းအဝေးကျင်းပပြီးနောက် အေပက်အဖွဲ့ဝင် သစ်တောဝန်ကြီးများက ကက်စကိုကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ဒေသတွင်း သဘာဝအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့်မူဝါဒတစ်ရပ်ပါဝင်သည်။ ဝန်ကြီးများလက်မှတ်ရေးထိုးလိုက်သော ယင်းကြေညာချက်သည် သစ်တောများကို ထိန်းသိမ်းကြရန် ဆော်ဩလိုက်ခြင်းလည်းဖြစ်ကြောင်း ဝန်ကြီးများအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသည့် ပီရူးစိုက်ပျိုးရေးဝန်ကြီး မီလ်တန်ဟတ်ဆေးက ပြောသည်။ အေပက်အဖွဲ့ကြီးသည် အာရှ-ပစိဖိတ်ဒေသတွင် အဖွဲ့ဝင် ၂၁ နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။

မိသားစုနှစ်စုအကြား လက်နက်ကိုင်ပစ်ခတ် ရှစ်ဦးသေ၊ ကိုးဦးဒဏ်ရာရရှိ

တူရကီ အရှေ့တောင်ပိုင်း၌ ဩဂုတ် ၁၇ ရက်က မိသားစုနှစ်စု အကြား လက်နက်ကိုင်ခိုက်ရန်ဖြစ်ပွားခဲ့ရာ ရှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာ ရရှိသွားခဲ့ကြောင်း ပုဂ္ဂလိက သတင်းအေဂျင်စီ ဒိုဂန်သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။ အဆိုပါဖြစ်ရပ်သည် ဒိုင်ယာဘာကီယာပြည်နယ် ဟာရိုးမြို့နယ် ဆက်ဖလီဘက်ဆေးကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိသားစုနှစ်စုသည် မြေယာပိုင်ဆိုင်မှုအငြင်းပွားရာမှ သေနတ်စွဲကိုင် အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ဇူလိုင် ၂၇ ရက်ကလည်း ယင်းပြည်နယ်၌ မိသားစုနှစ်စုအကြား မြေအငြင်းပွားရာမှ လက်နက်စွဲကိုင် အပြန်အလှန် ပစ်ခတ်ခဲ့ကြသဖြင့် ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း ၎င်းသတင်း အေဂျင်စီက ဆက်လက်ဖော်ပြထားသည်။

မြင့်မောင်စိုး-စုစည်းသည်

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ လူသားတို့စားသုံးမည့် အစားအစာအတွက် သုတေသန ပြုနေ

အင်္ဂါဂြိုဟ်ပေါ်တွင် လူသားတို့ စားသုံးနိုင်မည့် အစားအစာများကို လေ့လာသုတေသန ပြုနေသော အမေရိကန်အာကာသသိပ္ပံပညာရှင်များသည် ဟာဝိုင်ရီကျွန်းရှိ မီးတောင်ချော်ရည်များရှိသော နယ်မြေတွင် လေးလကြာ နေထိုင်ကာ သုတေသန ပြုနေကြပြီဖြစ်သည်။

ထိုသို့လေ့လာရန် အမေရိကန် အာကာသသိပ္ပံသုတေသနပညာရှင် ခြောက်ဦးပါသော အဖွဲ့က ပေ ၈၀၀၀ ခန့်မြင့်သော နေရာတွင် စခန်းချကာ ပြီးခဲ့သည့် မေလက စတင်ပြီး အာကာသ၏ အမြင့်ဆုံးနေရာနှင့် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်တို့တွင် အာကာသယာဉ်မှူးများနှင့် အာကာသ ခရီးသွားတို့အတွက် စားသုံးနိုင်မည့် အစားအစာများကို လေ့လာသုတေ သနပြုနေကြခြင်းဖြစ်သည်။

အာကာသသိပ္ပံသုတေသနပညာ ရှင်များသည် အာကာသဝတ်စုံကို ဝတ်ဆင်ကာ မူနာလိုရာ မီးတောင်၏ မြောက်ဘက် ဆင်ခြေလျှောတစ် လျှောက်တွင် လေ့လာမှုများ ပြုလုပ် နေခြင်းဖြစ်သည်။ ၎င်းမီးတောင်သည် မီးတောင်ရှင်တစ်လုံးဖြစ်ပြီး ၁၉၈၄ ခုနှစ်က နောက်ဆုံးအကြိမ် ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် မီးတောင်များ၊ မီးတောင်ပေါက်ကွဲမှု မှ ထွက်ပေါ်လာသော ချော်ခဲများ တည်ရှိနေရာ ထိုသို့ဖွဲ့စည်းမှုရှိသည့် မြေပြင်တွင် လေ့လာမှုပြုလုပ်နေခြင်း ဖြစ်သည်။

နမူနာယူသွားသော အသားများ၊ အခြားအစားအစာများ၊ ဟင်းသီး ဟင်းရွက်များကို အာဟာရမပျက် တာရှည်ခံနိုင်မည့် နည်းလမ်းများ ကို ရှာဖွေလေ့လာနေခြင်းဖြစ် သည်။

လောလောဆယ်တွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၏ မူလ ဓာတ်ဖွဲ့စည်းမှုများ၊ အမျှင်ဓာတ် ပျောက်ဆုံးမှုများ ရှိနေခြင်းကြောင့် အခက်အခဲအချို့ရှိ နေဆဲဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် အင်ဂီ လိုဗာမြူလန်က ပြောကြားသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်တွင် အသက်ရှင်နေထိုင်စားသောက်ရန် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ် မထိခိုက်စေသော အစားအစာများ ထုတ်လုပ်နိုင်ရေးမှာ အရေးကြီးသဖြင့် အောင်မြင်စွာ လုပ်ဆောင်နိုင်ရေး ကြိုးစားသွားမည်ဟု ၎င်းက ဆက် လက်ပြောကြားသည်။



အင်္ဂါဂြိုဟ်လေ့လာရေးအတွက် အာကာသသို့ လွှတ်တင်ထားသော ဂြိုဟ်တု တစ်လုံးကို တွေ့ရစဉ်။

အာကာဟိန်း ရေးသည်

သာကီသွေး ဂျာနယ် အမှတ်(၃) ထွက်ပြီ

◆ အင်းစိန်ရွာမဆရာတော်ကြီး၏ နိုင်ငံ့အရေးနှီးနှောသံ၊ ◆ သီတဂူအရှင်ဒေဝိန္ဒာဘိဝံသ၏ မျိုးစောင့်ဥပဒေ ဘာလဲ အယ်လဲ၊ ◆ နတ်မင်းကြီးပြောတဲ့ ၉၆၉ နဲ့ မျိုးစောင့်ဥပဒေ . . . ! ◆ လူ့အခွင့်အရေး ဒါရိုက်တာဦးအောင်မျိုးမင်းသို့ တုန့်ပြန်ချက် ◆ မျိုးဖျက်အန္တရာယ်ကာကွယ်ဖို့ ◆ ထိုင်းနိုင်ငံပြည်နယ်အနှံ့ ခြေဆန့်လှုပ်ရှားနေသော အမျိုး ဘာသာ သာသနာ၊ ◆ သံဃာ့အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ . . .

◆ ဒေါက်တာဓမ္မပိယ၊ ◆ ဒေါက်တာသောပါက၊ ◆ မဟာဝေဇမိမြိုင်ဆရာတော်၊ ◆ အရှင်ကုမ္ဘာဝုဓ(ပေါက်စေတီ)၊ ◆ ရွှေချောင်းကြီးဆရာတော်၊ ◆ သုမိန်(ဗုဒ္ဓတက္ကသိုလ်)၊ ◆ အရှင်ဇဋိလ(နတ်မောက်)၊ ◆ သာကီနွယ် (အင်းစိန်) ◆ နိုင်ဇော် ◆ မောင်သွေးချွန်၊ ◆ လူဆွေ ◆ ဒေါ်ကေတုမာလာ၊ ◆ ဆူးမိုးနှင်းဆီ၊ ◆ မန်းရိုက်ကောင်း တို့၏ ဖတ်စရာ မှတ်စရာ သုတ ရသ မျှ စာပေဒေသာ . . . သတင်းဓာတ်ပုံများ ဝေဝေဆာဆာ

ဆက်သွယ်ရန် - အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ ဖုန်း - ၀၉ ၂၅၀၀၄၄၆၁၂

ကော်ဖီများများ သောက်လွန်းလေ အသက်ဘေးကပိုနီးလေ

အသက် ၅၅ နှစ်အောက် အရွယ်များ ကွယ်လွန်ရခြင်းသည် ကော်ဖီ အလွန်အကျွံ သောက်ကြခြင်းနှင့် လည်းဆိုင်ကြောင်း သုတေသန တစ်ရပ်ကဖော်ပြသည်။

တစ်နေ့လျှင် ကော်ဖီလေးခွက်မှ သို့မဟုတ်ပါကတစ်ပတ်ကို ကော်ဖီ ၂၈ ခွက် သောက်သောသူများသည် အချိန်မတန်ခင် ကွယ်လွန်ရမည့် ဘေးအန္တရာယ်မှာ တိတိကျကျစာရင်း တွက်ထုတ်လျှင် ၂၀ ရာခိုင်နှုန်း တိုးမြင့်သည်ကို တွေ့ရှိရကြောင်း ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

အသက်အရွယ်အစားစားပေါ်မူ တည်၍ အသက် ၅၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးများတွင် အသက်ဘေးဖြစ်လောက်သော အမျိုး မျိုးသော အရင်းခံအကြောင်းများဖြစ် စေနိုင်မှုသည် ၅၀ ရာခိုင်နှုန်းအထက် တွင် ရှိနေကြောင်း၊ သို့ရာတွင် ၅၅ နှစ်အထက်အရွယ်များ ကော်ဖီ အလွန်သောက်ပါက ယင်းသို့သော ဆိုးကျိုးသက်ရောက်မှုများကို မတွေ့ရှိ ရကြောင်း ဆိုသည်။ တောင် ကယ်ရိုလိုင်းနားတက္ကသိုလ် သုတေ သနအဖွဲ့သည် ၁၉၇၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း အသက် ၂၀ မှ ၈၇ နှစ်ကြား လူပေါင်း ၄၃၀၀၀ ကျော်တို့ ၏ ကော်ဖီသောက်မှုကို ဆန်းစစ်ခဲ့ရာ သုတေသနသက်တမ်း ထက်ဝက် ကျော် အချိန်ကာလ ၁၇ နှစ်အတွင်း တွင် သုတေသန၌ ပါဝင်သူ ၂၅၀၀ ကျော်ကွယ်လွန်ခဲ့သည်။

ထိုစာရင်းအတိအကျကို ဆန်းစစ် မှုအရ ငယ်ရွယ်သူများ ဖြစ်သော် လည်း ကော်ဖီ အနည်းအကျဉ်းသာ သောက်သုံးပါစေ အသက်ဘေး အန္တရာယ် ရာနှုန်းမြင့်သည်ကို တွေ့ရှိရ သည်ဟု ဆိုသည်။ ပိုမို၍ အတိအကျ ဆိုရလျှင် သီတင်းတစ်ပတ်လျှင် ကော်ဖီ ၂၈ ခွက်ခန့် သောက်သုံးမှု သည် ရောဂါမျိုးစုံ၊ အကြောင်းရင်းခံ မျိုးစုံတို့ကြောင့် အသက်ဘေးအန္တရာယ် ၅၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရ သည်။

ထို့ပြင် သီတင်းတစ်ပတ်လျှင် ကော်ဖီ ၂၈ ခွက်ထက် ပိုသောက်ကြ သော ငယ်ရွယ်သူအမျိုးသမီးများတွင် အသက်ဘေးကြုံနိုင်မှုသည် ကော်ဖီ မသောက်သောသူများမှာထက် နှစ်ဆ ရှိသည်ဟု ဆိုသည်။

“ကော်ဖီအလွန်သောက်သူများ ကို သတိပေးသင့်တယ်။ ဒီကာလရှည် သုတေသနအရ ဒါဟာ အသက် အန္တရာယ်ပေးနိုင်တယ်ဆိုတာ အနည်း ဆုံး သတိပေးဟန့်တားရမယ့် ကိစ္စပဲ။ အထူးသဖြင့် ၅၅ နှစ်အောက်လူတွေ အတွက်ပိုဆိုးတယ် ဆိုတာကိုလည်း အသိပေးသင့်တယ်”ဟု ကိုလံဘီယာ ရှိတောင်ကယ်ရိုလိုင်းနား တက္ကသိုလ်မှ ကျူမေစူက ပြောကြားခဲ့သည်။

ဩသခကျော်-ရေးသည်

ဆောင်းပါး

ကျွန်တော်နဲ့ ဘာလင်မြို့

ဒီဆောင်းပါးကို ဂျာမနီနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ ဘာလင်မြို့မှာ အစည်းအဝေးတစ်ခုတက်ရင်း ရေးနေတာဖြစ်ပါတယ်။ ကျင်းပတဲ့အစည်းအဝေးက အာရှနိုင်ငံနဲ့ဥရောပနိုင်ငံက ကိုယ်စားလှယ်တွေစုဝေးပြီး လူမှုစီးပွားရေးလုပ်ငန်း(Social Enterprise)အကြောင်း ဆွေးနွေးတိုင်ပင်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်လာနိုင်ဖို့ ရန်ကုန်မြို့ British Council က စီစဉ်ပေးခဲ့တာပါ။

ဘာလင်မြို့မှာ ကျင်းပတဲ့ အစည်းအဝေးကို သွားတက်ရမယ်ဆိုတာ သိတဲ့အချိန်ကစပြီး စိတ်လှုပ်ရှားနေမိတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်ကျော်က ကျွန်တော်တစ်ကြိမ်ရောက်ခဲ့ဖူးတယ်။ ဒီတုန်းက ကျွန်တော်ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်ပါရဂူဘွဲ့ကို ယူနေတဲ့အချိန်ဖြစ်တယ်။ အနောက်ဂျာမနီနိုင်ငံက အဖွဲ့အစည်းတစ်ခုက ဘွဲ့လွန်ပါရဂူသုတေသနလုပ်လိုတဲ့ နိုင်ငံအသီးသီးက ပညာရှင်တွေကို ဂျာမနီနိုင်ငံမှာ ပညာသင်နိုင်ဖို့ ထောက်ပံ့ပေးခဲ့တယ်။

ဘွဲ့လွန်ပါရဂူဘွဲ့ရယူသူတွေ တစ်နှစ်တစ်နှစ် ၂၀၀ နီးပါးရှိတယ်။ ဒီပညာရှင် ၂၀၀ ကို သုတေသနတွေ လုပ်ခွင့်ပေးသလို တစ်နှစ်တစ်ခေါက် အနောက်ဂျာမနီနိုင်ငံမှာရှိတဲ့ နာမည်ကြီးမြို့တွေကို အလည်အပတ်တစ်လတိတိပို့ပေးတယ်။ ဒါကြောင့်လည်း ကျွန်တော် ဘာလင်မြို့ကို ရောက်ခဲ့တာ။ ဒါပေမယ့် ဒီတုန်းက နာမည်ကြီး ဘာလင်တံတိုင်းက ရှိတုန်း၊ အနောက်ဘာလင်နဲ့ အရှေ့ဘာလင်ကို ခွဲခြားထားတယ်။

မြို့တစ်ဖက်ခြမ်းကို ဖြတ်ကူးဖို့ ရုပ်ရှင်တွေမှာ ခဏခဏပါတဲ့ Check Point Charlie လို့ခေါ်တဲ့ လုံခြုံရေးစခန်းကို ဖြတ်ကူးရတယ်။ တစ်ဖက်က အနောက်ဘာလင်မြို့၊ တစ်ဖက်က အရှေ့ဘာလင်၊ လုံခြုံရေးစခန်းရောက်တော့ အရှေ့ဘာလင်မြို့ကို သွားကြည့်ချင်တဲ့ ကျွန်တော့်ကို ခွင့်မပြုနိုင်ဘူးလို့ တာဝန်ရှိသူတွေက ပြောတယ်။ ကျွန်တော်နဲ့အတူ ကူးခွင့်မရသူက ပိုလန်ကလာတဲ့သူ။ သူနဲ့ကျွန်တော်က တစ်မြို့တည်းမှာနေကြတဲ့သူတွေ။ သွားခွင့်မရတော့ ကျွန်တော်တို့နှစ်ယောက် လုံခြုံရေးစခန်းမှာစောင့်ပြီး ကူးခွင့်ရတဲ့သူတွေကို မနာလိုဖြစ်ခဲ့ရတယ်။

စာဖတ်သူတွေသိတဲ့အတိုင်း ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါ ဂျာမနီနိုင်ငံဟာ နှစ်ခြမ်းကွဲသွားခဲ့တယ်။ အရှေ့ဂျာမနီကို ရုရှားနိုင်ငံက သိမ်းပိုက်ခဲ့ပြီး အရှေ့ဂျာမနီဖြစ်သွားခဲ့တယ်။ အနောက်ဂျာမနီကိုတော့ အမေရိကန်၊ အင်္ဂလန်နဲ့ ပြင်သစ်နိုင်ငံတွေက ခွဲဝေပြီးအုပ်ချုပ်ခဲ့တယ်။ ဘာလင်မြို့ကိုလည်း အခုလိုပဲ ခွဲခြားခဲ့တယ်။ နိုင်ငံရေးအယူအဆအနေနဲ့ သတ်မှတ်ရင် အရှေ့ဂျာမနီဟာ ဆိုရှယ်လစ်ကွန်မြူနစ်နိုင်ငံဖြစ်လာပြီး အနောက်ဂျာမနီကတော့ အရင်းရှင်စနစ်ကို လက်ခံကျင့်သုံးခဲ့ပါတယ်။

ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုကတော့ Berlin blockade လို့ သတ်မှတ်တဲ့ အနောက်ဘာလင်ကို ရုရှားနဲ့အရှေ့ဂျာမနီက ပိတ်ဆို့ခဲ့တယ်။ စားနပ်ရိက္ခာတွေကို ပို့ခွင့်မပြုခဲ့ဘူး။ နောက်ဆုံးအမေရိကန်နိုင်ငံဟာ လေယာဉ်တွေသုံးပြီး ပိတ်ဆို့မှုကို ချိုးဖျက်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ် နောက်ပိုင်းမှာ ဂျာမနီနိုင်ငံနှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာကွဲပြားလာတာ တွေ့ရပါတယ်။ အနောက်ဂျာမနီက စီးပွားရေးအရ တိုးတက်လာပြီး အရှေ့ဂျာမနီမှာတော့ နွမ်းကွေးခဲ့တယ်။ ဒီအခြေအနေတွေကြောင့် အရှေ့ဂျာမနီက နိုင်ငံသားတွေဟာ အနောက်ဂျာမနီကို ကူးပြောင်းကြတယ်။

ကူးပြောင်းတဲ့သူတွေဟာ ပညာတတ်တွေ၊ အရည်အသွေးပြည့်ဝတဲ့သူတွေ ဖြစ်ခဲ့တယ်။ တစ်နည်းပြောရရင် Brain drain ဦးနှောက်ယိုဖိတ်မှုများပြားလာခဲ့တယ်။ ဒီအခြေအနေကို ကုစားတဲ့အနေနဲ့ အရှေ့ဂျာမနီနိုင်ငံက နာမည်ကျော် ဘာလင်တံတိုင်းကြီးကို တည်ဆောက်ခဲ့တယ်။ တံတိုင်းကြီးကိုပြောရင် အုတ်နဲ့တည်ဆောက်ထားတဲ့ တံတိုင်းကြီးအဖြစ်သာ မမြင်စေချင်ဘူး။ ဒီတံတိုင်းကြီးကို စက်သေနတ်တွေနဲ့ စောင့်ကြပ်ပြီး တံတိုင်းရဲ့အနီးအနားမှာ မြေမြှုပ်ဗုံးတွေ ထောင်ထားခဲ့တယ်။ သံဆူးကြိုးတွေနဲ့ ပိတ်ဆို့ခဲ့တယ်။

ထူးခြားတဲ့ကိစ္စက ဒီတံတိုင်းကြီးကို ဘာကြောင့်တည်ဆောက်ခဲ့သလဲ။ အနောက်ဘာလင်က ပြည်သူတွေ အရှေ့ဘာလင်ဘက် ကူးလာမှာစိုးလို့ တားဆီးထားတာမဟုတ်ဘဲ မိမိရဲ့ ပြည်သူတွေ အနောက်ဘာလင်ဘက် မကူးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တံတိုင်းကြီးနဲ့ ပတ်သက်လာရင် ကျွန်တော်က ပညာရှင်ကြီးအိုင်းစတိုင်းပြောတာကို သတိရမိတယ်။ **"လူသားတွေဟာ တံတိုင်းကြီးတွေ တည်ဆောက်ဖို့ စိတ်သန်ကြတယ်။ အမှန်တော့ တံတိုင်းတည်ဆောက်မယ့်အစား တံတားတွေ ထိုးသင့်ပါတယ်"တဲ့။ တံတိုင်းဟာ အချင်းချင်းကို စိတ်ဝမ်းကွဲစေပြီး တံတားကတော့ တစ်ဦးကို တစ်ဦးရဲ့ ဆက်သွယ်မှုကို အထောက်အကူဖြစ်စေပါတယ်။**

ဒါကြောင့်လည်း ကျွန်တော်က **မြန်မာနိုင်ငံမှာ လူမျိုးတစ်မျိုးနဲ့ တစ်မျိုးအကြား၊ ဘာသာရေးအယူအဆ မတူတဲ့သူတွေအကြား တံတိုင်းတွေတည်ဆောက်ပြီး ခွဲခြားနေမယ့်အစား တစ်ဦးနဲ့တစ်ဦး နားလည်မှုရစေမယ့်၊ အပြန်အလှန်သွားလာဆွေးနွေးမှုဖြစ်စေမယ့် တံတားတွေထိုးနိုင်ပါစေလို့ အမြဲဆန္ဒပြုအပ်ပါတယ်။**

ကမ္ဘာကျော် ဘာလင်တံတိုင်းကြီးဟာ ၁၉၈၉ ခုနှစ်မှာ ပြိုကျသွားခဲ့တယ်။ ပြိုကျတာထက် ဖြိုဖျက်ခြင်းခံရတာပါ။ စာဖတ်သူများသိကြတဲ့အတိုင်း ၁၉၈၉ ခုနှစ်မှာ ရုရှားခေါင်းဆောင် ဂေါ်ဘာချော့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် တစ်ချိန်က ရုရှားလက်အောက်ခံနိုင်ငံများဖြစ်တဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ဟန်ဂေရီတို့ဟာ ခွဲထွက်ခဲ့တယ်။ အရှေ့ဂျာမနီမှာ အလားတူပဲ ရုရှားအုပ်ချုပ်မှုကိုတော်လှန်ခဲ့တယ်။ ဒီဇင်ဘာ ၂၅ ရက်နေ့မှာ လူငယ်တွေက ဘာလင်တံတိုင်းကြီးကို ဖျက်ဆီးဖြိုခွင်းခဲ့ပါတယ်။ အကြမ်းမဖက်တဲ့နည်းလမ်းကို အသုံးချခဲ့တယ်။ ကျွန်တော် ဥရောပမရောက်တာ ငါးနှစ်လောက်ရှိခဲ့ပြီ။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

အင်္ဂလန်မှာ ခြောက်နှစ်၊ ဂျာမနီမှာ နှစ်နှစ်၊ အီတလီမှာ ရှစ်နှစ်၊ ၁၈ နှစ်နီးပါး ဥရောပမှာ နေထိုင်ခဲ့တယ်။ အခုလို ပြန်လာခွင့်ရတာဟာ ထူးခြားတဲ့အခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တည်းခိုတဲ့ဟိုတယ်နဲ့ အစည်းအဝေးလုပ်တဲ့ခန်းမက ယခင်က အရှေ့ဘာလင်မြို့ပေါ်မှာ။ တစ်ချိန်တုန်းက သွားခွင့်မရတဲ့နေရာ ဖြစ်တာမို့ ကျွန်တော့်အတွက် အမြတ်တစ်ခုပါ။

အရှေ့ဘာလင်မြို့ဟာ တစ်ချိန်က ရုရှားနိုင်ငံလက်အောက်ခံဖြစ်ခဲ့တာမို့ အဆောက်အအုံတွေက ထုထည်ကြီးမားတယ်။ ကြီးလေကောင်းလေဆိုတဲ့ အယူအဆဖြစ်ပါတယ်။ ထူးခြားတာက ဘုရားရှိခိုးကျောင်းကြီးတွေက ထည်ထည်ဝါဝါရှိတယ်။ ကွန်မြူနစ်နိုင်ငံဖြစ်ပေမယ့် ဘာသာရေးလွတ်လပ်ခွင့်ပေးခဲ့တယ်။ လမ်းမတွေကလည်း အကျယ်ကြီးတွေ။ မြို့အကျယ်အဝန်းက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့လောက်ကျယ်ပေမယ့် လူဦးရေက နည်းတယ်။ ထုံးစံအတိုင်း မနက်စောစောထပြီးပြေးတော့ ပတ်ဝန်းကျင်ကို အနီးကပ်မြင်ခွင့်ရခဲ့တယ်။

ကျွန်တော်တွေ့ချင်တဲ့ Humboldt တက္ကသိုလ်ကိုလည်း မြင်တွေ့ခဲ့ရတယ်။ ဂျာမန်လူမျိုးတွေအတွက် Alexander Von Humboldt ဟာ ပညာရှင်တွေထဲမှာ နာမည်ကြီး။ သူ့ကိုအသိအမှတ်ပြုပြီး တက္ကသိုလ်နာမည်ပေးခဲ့တာ။ ကျွန်တော် ဂျာမနီနိုင်ငံကို အရင်တစ်ခေါက်ရောက်တုန်းကလည်း Alexander Von Humboldt Foundation ပညာသင်ဆုကိုရခဲ့တာဖြစ်တယ်။ Humboldt တက္ကသိုလ်က တစ်ချိန်တုန်းက အရှေ့ဂျာမနီမှာတည်ရှိတာ။ ကွန်မြူနစ်စနစ်အောက်မှာ ပညာရေးလွတ်လပ်ခွင့်ကို ချုပ်ချယ်ခဲ့တယ်။ ပါမောက္ခတွေကို စည်းကမ်းတွေ ထုတ်ပြန်ခဲ့တယ်။

ဒီချုပ်ချယ်မှုတွေကို သည်းမခံနိုင်တဲ့ ပါမောက္ခအချို့က Humboldt တက္ကသိုလ်ကထွက်ပြီး အနောက်ဘာလင်မှာ Free University ဆိုပြီး လွတ်လပ်တဲ့တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့တယ်။ **နိုင်ငံတစ်နိုင်ငံရဲ့ ပညာရေးစနစ်နဲ့ ပတ်သက်ပြီး လွတ်လပ်ခွင့်ဟာ အရေးကြီးလှတယ်။ ပညာရှင်တွေကို ချုပ်ချယ်ထားတဲ့ နိုင်ငံတစ်ခုဟာ ရှင်သန်တိုးတက်တဲ့နိုင်ငံ မဖြစ်နိုင်ဘူး။**

လွတ်လပ်စွာပြောခွင့်၊ လွတ်လပ်စွာဆွေးနွေးခွင့်၊ လွတ်လပ်စွာသင်ခွင့်၊ ရေးသားခွင့်တွေဟာ တက္ကသိုလ်ပညာရေးစနစ်ရဲ့ အနှစ်သာရဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ အမျိုးမျိုးစဉ်းစားစီစဉ်နေတဲ့အခါ ဒီအချက်ကို စဉ်းစားသင့်ပါတယ်။ ကျွန်တော်ကတက္ကသိုလ်ပညာရေးနဲ့ ပတ်သက်ရင်စိတ်ကူးယဉ်တယ်။ တက္ကသိုလ်မှာ ဝါရင့်ပညာရှင်တွေက နောင်တစ်ခေတ်ဦးစီးဦးဆောင်မယ့်လူငယ်တွေနဲ့ ထိတွေ့ပြီး မိမိတို့ရဲ့စုစည်းထားတဲ့ ပညာတွေကို မျှဝေပေးသလို လူငယ်တွေရဲ့အား၊ လူငယ်တွေရဲ့လိုအပ်ချက်၊ လူငယ်တွေရဲ့ သန့်ရှင်းတဲ့စိတ်တွေကို ဖော်ထုတ်ပေးပါတယ်။

တစ်နည်းပြောရင် အပြန်အလှန်အပေးအယူလုပ်တာဖြစ်ပါတယ်။ ဆရာက တစ်ဖက်သတ်သင်ပြီး ကျောင်းသားက လက်ခံတာမျိုးသာမဟုတ်ဘဲ ဆရာတွေကလည်း ကျောင်းသားတွေဆီကအသိတွေ၊ အတတ်တွေ၊ ပညာတွေရနိုင်ပါတယ်။ ဘာလင်မြို့ဟာ သမိုင်းအပြည့်ရှိတယ်။ ပြင်သစ်ဘုရင်ကြီး နပိုလီယံဟာ ဘာလင်မြို့ကို တစ်ချိန်ကသိမ်းပိုက်ပြီးအုပ်ချုပ်ခဲ့တယ်။ ဒီထက်စောပြီး ရောမတပ်သားတွေဟာ ဘာလင်မြို့အထိ စစ်ရေးဆင်ခဲ့တယ်။ ကျွန်တော် ဘာလင်မြို့ကိုရောက်တုန်း မြို့လယ်မှာစီးဆင်းနေတဲ့ မြစ်ရိုးတစ်လျှောက်ပြေးရင်း တစ်ပိုင်းတစ်စကျန်နေသေးတဲ့ နာမည်ကြီးဘာလင်တံတိုင်းကို မြင်တွေ့ရတယ်။ တံတိုင်းကြီးပေါ်မှာ ဆေးရောင်စုံရုပ်ပုံတွေအပြည့်နဲ့ စိတ်ကူးရှိသလိုရေးဆွဲထားတဲ့ ပုံတွေအမျိုးမျိုးတွေ့ရတယ်။ မိမိရဲ့လွတ်လပ်တဲ့ စိတ်ကူးစိတ်သန်းကို ဖော်ထုတ်ထားမှုတွေဖြစ်တယ်။

ကျွန်တော်တို့ အစည်းအဝေးလုပ်တဲ့ရုံးက ဘာလင်မြို့က မီးရထားဘူတာကြီးအနီးမှာ။ ဥရောပနိုင်ငံတိုင်းရဲ့ ထူးခြားချက်က မီးရထားသယ်ယူပို့ဆောင်မှုကို ဦးစားပေးတယ်။ ဘူတာရုံကြီးက ဟောင်းနေပေမယ့် ဆိုင်ခန်းတွေအပြည့်၊ စားသောက်ဆိုင်တွေကလည်းမျိုးစုံ၊ ဘူတာရုံနံဘေးမှာ ဘာလင်မြို့ရဲ့ အမှတ်အသားဖြစ်တဲ့ ရုပ်မြင်သံကြားမျှော်စင်ကြီး ပေ ၃၀၀ ကျော်တယ်။ ဒီမျှော်စင်ပေါ်ကနေ မြို့တစ်မြို့လုံးကိုမြင်နိုင်တာ။

လွတ်လပ်စွာပြောခွင့်၊ လွတ်လပ်စွာဆွေးနွေးခွင့်၊ လွတ်လပ်စွာသင်ခွင့်၊ ရေးသားခွင့်တွေဟာ တက္ကသိုလ်ပညာရေးစနစ်ရဲ့အနှစ်သာရဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ အမျိုးမျိုးစဉ်းစားစီစဉ်နေတဲ့အခါ ဒီအချက်ကို စဉ်းစားသင့်ပါတယ်။ တက္ကသိုလ်မှာဝါရင့်ပညာရှင်တွေကနောင်တစ်ခေတ်ဦးစီးဦးဆောင်မယ့် လူငယ်တွေနဲ့ထိတွေ့ပြီး မိမိတို့ရဲ့စုစည်းထားတဲ့ပညာတွေကို မျှဝေပေးသလို လူငယ်တွေရဲ့အား၊ လူငယ်တွေရဲ့လိုအပ်ချက်၊ လူငယ်တွေရဲ့သန့်ရှင်းတဲ့စိတ်တွေကို ဖော်ထုတ်ပေးပါတယ်။

ဘာလင်မြို့ကို လာရောက်ကြတဲ့ ဧည့်သည်အားလုံးလိုလို ဆုံစည်းတဲ့နေရာဖြစ်တယ်။ ဗဟိုမှာ ရေပန်းကြီးတွေနဲ့ ရေပန်းရဲ့နံဘေးမှာ လူငယ်တွေက တီးမှုတ်နေကြပြီး အစားအစာမျိုးစုံကို တွန်းလှည်းလေးနဲ့ ရောင်းချနေကြတယ်။ မြို့ထဲမှာ မြေအောက်မီးရထားရော၊ မြေပေါ်မှာ ပြေးဆွဲတဲ့ ဓာတ်ရထားတွေ ရှိတယ်။ ကျွန်တော်မှတ်မိသလောက် တစ်ချိန်တုန်းက ရန်ကုန်မြို့မှာ RET ဓာတ်ရထားတွေ ပြေးဆွဲခဲ့တယ်။ ခေတ်မီလာလို့ အခုတော့မရှိတော့ဘူး ထင်ပါရဲ့။

ရန်ကုန်မြို့ကြီးကို အဆင့်မီမြို့ကြီးဖြစ်အောင် တာဝန်ရှိတဲ့သူတွေ စီစဉ်ဆောင်ရွက်နေကြတယ်။ အခုလိုစီစဉ်တဲ့နေရာမှာ Public Transport လို့ခေါ်တဲ့ အများပြည်သူအတွက် သယ်ယူပို့ဆောင်ရေးစနစ်ကို ထည့်စဉ်းစားရမယ်။ ကားသစ်တွေများလာတာကောင်းတယ်လို့ ပြောနိုင်ပေမယ့် ကားကျပ်(Traffic Jam)နေတာကိုတော့ စိတ်ညစ်ရတယ်။ တစ်နေရာနဲ့တစ်နေရာ ရန်ကုန်မြို့မှာ သွားလာဖို့မလွယ်တော့ဘူး။ ကိုယ်ပိုင်ကားစီးနိုင်တဲ့သူတွေအတွက် မလွယ်သလို၊ အများစီးနိုင်တဲ့ ယာဉ်တွေသုံးတဲ့သူတွေအတွက်လည်း ခက်ခဲနေတယ်။ အမြန်ဘတ်စ်ကားလိုင်းတွေ ပြေးဆွဲမယ်လို့သိရတော့ အကောင်အထည်မြန်မြန်ဖော်နိုင်ပါစေလို့ ဆုတောင်းမိတယ်။

ယာဉ်မောင်းနှင်တဲ့သူတွေက စည်းကမ်းမရှိကြဘူး။ အငှားယာဉ်တွေကလည်း ခရီးသည်ရဖို့စိတ်ကူးတစ်ခုနဲ့ မောင်းနှင်နေကြတယ်။ ဘတ်စ်ကားတွေလည်း ဒီအတိုင်းပဲ။ ဘာလင်မြို့မှာရှိတဲ့ ဘတ်စ်ကားမှတ်တိုင်တွေကိုကြည့်ရင် ဘယ်အချိန်ဘတ်စ်ကားမှတ်တိုင်ကို ရောက်မယ်ဆိုတာကို ဖော်ပြထားတယ်။ ပြထားတဲ့အချိန်တွေဟာလည်း ဥပမာ ၁၀ နာရီ ၃၂ မိနစ်ကိုပြတယ်။ ၁၀ နာရီခွဲလို့မပြောဘူး။ ရေးသားဖော်ပြထားသလိုပဲ ၁၀ နာရီ ၃၂ မိနစ်မှာ ရောက်လာတာပဲ။

အချိန်ကုန်သက်သာသလို လူလည်းမပင်ပန်းတော့ဘူးပေါ့။ ရန်ကုန်မြို့မှာ ဒီလိုဖြစ်အောင်လုပ်နိုင်ပါတယ်။ ယာဉ်မောင်းသူတွေကို ခေါက်ရေနဲ့ လုပ်ခမပေးဘဲ ပုံစံလစာပေးလိုက်ရင် ကိစ္စပြီးတယ်။ တစ်နေ့မှာ ခေါက်ရေဘယ်နှခေါက်သွားရမယ်လို့ သတ်မှတ်ထားပြီးဘယ်မှတ်တိုင်မှာ ဘယ်အချိန်ရောက်အောင် မောင်းဖို့ညွှန်ကြားထားဖို့လိုမယ်။ ယာဉ်မောင်းသူတွေအတွက် မက်လုံးပေးတဲ့စနစ်ကို ပြောင်းလဲလိုက်ရင် သူတို့ရဲ့ အပြုအမူတွေဟာလည်း ပြောင်းလဲသွားမှာပါပဲ။ ဒီလိုမှမလုပ်ရင်တော့ အခုလိုပဲ ဖြစ်နေမှာပဲ။

စင်ကာပူတို့၊ ဗန်ကောက်တို့မှာ Mass Transit System (အများသွားလာမှုချောမွေ့အောင်) MRTတို့၊ Skytrain တို့ ပြေးဆွဲနေကြတယ်။ ကျွန်တော်တို့ဆီမှာလည်း မြို့ပတ်ရထားကို သပ်သပ်ရပ်ရပ်ပြုပြင်ဖို့လိုတယ်။ ငွေကြေးမတတ်နိုင်လို့ဆိုတဲ့ အကြောင်းပြချက်က မလုံလောက်ပါဘူး။ ရှိတဲ့ငွေကို ဘယ်နေရာမှာ သုံးစွဲသင့်သလဲဆိုတဲ့မေးခွန်းကသာ အရေးကြီးတာပါ။ ဘာလင်မြို့ကို ၁၉၃၀ ခုနှစ်နောက်ပိုင်းမှာ နာဇီတွေက ပုံစံချပြီးတည်ဆောက်ခဲ့တယ်။ အာဏာရှင် ဟစ်တလာက သူ့အလိုကျအတိုင်း မြို့ကြီးကို တည်ခဲ့တယ်။ ဒါကြောင့်လည်း နာဇီအာဏာရှင်တွေရဲ့ အောင်မြင်မှုကို ပြသဖော်ထုတ်တဲ့အနေနဲ့ ၁၉၃၆ ခုနှစ် အိုလံပစ်ပွဲတော်ကို ကျင်းပနိုင်ခဲ့တယ်။ ဒီအားကစားပွဲမှာ လူဖြူတွေရဲ့သြဇာကို မီးမောင်းထိုးပြဖို့ ကြိုးစားခဲ့တာ။

ထူးခြားတာက မီတာ၁၀၀ပြေးပွဲမှာ အမေရိကန်နိုင်ငံသား လူမည်း Jesse Owen က ရွှေတံဆိပ်ဆွတ်ခူးခဲ့တယ်။ ကျွန်တော်ဖတ်မိတာက ဟစ်တလာကိုယ်တိုင်ဆုပေးဖို့ စီစဉ်ထားပေမယ့် အခုလိုလူမည်းနိုင်သွားလို့ လက်ဆွဲနှုတ်ဆက်ရမှာစိုးလို့ ဆုမပေးခဲ့ဘူးတဲ့။ အခုလိုကြီးကျယ်ခမ်းနားလှတဲ့ ဘာလင်မြို့ ကြီးဟာ ဒုတိယကမ္ဘာစစ်ပြီးတဲ့အချိန်မှာ မီးခဲပြာဖုံးဖြစ်ခဲ့ရတယ်။ စစ်အေးကာလတစ်လျှောက်မှာ မြို့ကြီးနှစ်ခြမ်းကွဲနေတာမို့ ထိထိရောက်ရောက် ဘာမှသိပ်မလုပ်နိုင်ခဲ့ဘူး။

၁၉၈၉ ခုနှစ် ဘာလင်တံတိုင်းကြီး ပြိုကျပြီး အရှေ့ဂျာမနီနဲ့ အနောက်ဂျာမနီ ညီညွတ်ပေါင်းစပ်ပြီးချိန်မှစပြီး မြို့ကြီးကို ပြန်လည်မွမ်းမံပြုစုလာခဲ့တယ်။ ယနေ့ထိ လက်စမသတ်နိုင်သေးဘူး။ ဘာလင်မြို့ဟာ အမှန်တော့ ဥရောပရဲ့ အလယ်ဗဟိုမှာရှိတာမို့ အရှေ့ဥရောပ၊ အနောက်ဥရောပ၊ မြောက်ဥရောပနဲ့ တောင်ဥရောပဒေသတွေအားလုံးရဲ့ အချက်အချာဖြစ်နေတယ်။ ဥရောပသမဂ္ဂအဖွဲ့အစည်းဝင်နိုင်ငံများအနက် ဂျာမနီနိုင်ငံဟာ အချမ်းသာဆုံးနိုင်ငံ။ ဒါကြောင့်လည်း ဥရောပမှာရော တစ်ကမ္ဘာလုံးမှာပါ သြဇာရှိတယ်၊ လှုပ်ရှားနေတယ်။ G -8 အဖွဲ့ဝင် နိုင်ငံအနေနဲ့ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဇာတ်ခုံမှာ အထင်အရှား ပါဝင်ပတ်သက်နေတာ တွေ့ရတယ်။

မြန်မာနိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့ ဆက်ဆံရေးဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ရှင်သန်ခဲ့တယ်။ ထူးခြားပြီး လူသိနည်းတာက ၁၉၁၈ ခုနှစ် ပထမကမ္ဘာစစ်ပွဲကြီး မတိုင်မီ မြန်မာနိုင်ငံမှာ ဂျာမနီစီးပွားရေးလုပ်ငန်းများရဲ့ လှုပ်ရှားမှုပဲဖြစ်တယ်။ ၁၈၈၅ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကိုလိုနီလက်အောက်ခံဖြစ်ခဲ့တယ်။ စီးပွားရေး ပွင့်လင်းလာခဲ့တဲ့ အချိန်မှာ အင်္ဂလန်ကုမ္ပဏီတွေ အကြီးအကျယ် လှုပ်ရှားခဲ့တယ်။

ဂျာမနီကုမ္ပဏီများအနေနဲ့ ပွင့်လင်းလာတဲ့ ဆန်စပါးကဏ္ဍမှာ ဆန်စက်တွေကို တင်သွင်းရောင်းချခဲ့တယ်။ ဒါကြောင့် ဒီတုန်းက ဆန်စက်တွေအများစုဟာ ဂျာမနီလုပ်ဆန်စက်တွေ ဖြစ်ခဲ့တယ်။ ဆန်စက်လုပ်ငန်းတွင်သာမက တခြားစက်မှုလုပ်ငန်းတွေမှာလည်း ပါဝင်ခဲ့တယ်။ ပထမကမ္ဘာစစ်ကြီးပြီးချိန်မှာ စစ်နိုင်တဲ့အင်္ဂလိပ်တွေက မြန်မာပြည်မှာရှိတဲ့ ဂျာမန်စီးပွားရေးလုပ်ငန်းတွေကိုသိမ်းယူခဲ့တယ်။ ကျွန်တော်အပါအဝင် မြန်မာနိုင်ငံက ပညာတော်သင်အချို့ဟာ ဂျာမနီနိုင်ငံက ချီးမြှင့်တဲ့ ပညာသင်ဆုတွေနဲ့ ပညာသင်အဖြစ် သွားရောက်ခဲ့ကြတယ်။ မဟာသိပ္ပံဘွဲ့တွေ၊ ပါရဂူဘွဲ့တွေ၊ ဘွဲ့လွန်ပါရဂူဘွဲ့တွေ ယူခဲ့ကြတယ်။

ကျွန်တော့်အနေနဲ့ နှစ်ပေါင်းများစွာကြာပြီးမှ နောက်တစ်ခေါက် ဂျာမနီနိုင်ငံကို ပြန်ရောက်ခဲ့တဲ့အတွေ့အကြုံတွေကို ခုလိုမျှဝေခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဗဟုသုတရလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ။

အပြတ်ရှင်းကြရမည့် ယဉ်ကျေးမှုနယ်မြေမှ သိုးမည်းများ

ရဲဂုဏ်မြင့်

မြန်မာ့ယဉ်ကျေးမှုမြို့ဟောင်း ပုဂံမြေ၌ ကမ္ဘာလှည့်ခရီးသည်များအားလုံး အေးချမ်းစွာ လည်ပတ်လေ့လာနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံမှုအပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိသည်။

ပုဂံ-ညောင်ဦး ဒေသသည် (အေဒီ-၉၀၀) ခန့်တွင် ပုဂံဝန်းကျင်ရှိ ရွာကြီး ၁၉ရွာ၊ ကျေးလက် ၁၀၀၀ ကျော်တို့ကိုစုစည်းပြီး ပထမနန်းမြို့အဖြစ် တုရွင်းတောင်အရှေ့ဘက် ယုန်လွတ်ကျွန်း၌ လည်းကောင်း၊ ဒုတိယနန်းမြို့ကို သီရိပစ္စယာအရပ်၌ လည်းကောင်း၊ တတိယနန်းမြို့ကို ဖွားစော(သမထီး)ရပ်၌ တမ္ပဝတီ ဟူ၍လည်းကောင်း တည်ထောင်ခဲ့ကြသည်။ ပုဂံမင်းဆက် (၅၅)ဆက် ရှိသည့်အနက် (၄၂) ဆက်မြောက် အနော်ရထာမင်းက (အေဒီ-၁၀၄၄-၁၀၇၇) (မြန်မာသက္ကရာဇ်- ၄၀၆-၄၃၉)တွင် ပုဂံ-ညောင်ဦး ဒေသကို ပထမမြန်မာနိုင်ငံအဖြစ် စတင်တည်ထောင်ခဲ့ပြီး အဖိုးမဖြတ်နိုင်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးများစွာ တည်ထားကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် ပုဂံဒေသသည် မြန်မာတို့၏ နှစ်ပေါင်း ၁၀၀၀ခန့် ရှည်ကြာသော ရှေးဟောင်းသမိုင်း အမွေအနှစ်မြို့တော်ဖြစ်သည့်အပြင် ဗုဒ္ဓယဉ်ကျေးမှု၏ပြယုဂ် စေတီပုထိုးများစွာ ယနေ့တိုင် တည်ရှိနေသော ဒေသဖြစ်သည့်အလျောက် ရှေးဟောင်းအမွေအနှစ်ကို တန်ဖိုးထားကြသော ကမ္ဘာလှည့်ခရီးသည်များ မပြတ် ဝင်ထွက်သွားလာနေသည့် ဒေသတစ်ခု ဖြစ်လေသည်။

အဆိုပါ ပုဂံ-ညောင်ဦးဒေသသို့ နိုင်ငံခြားသား ဝင်ရောက်မှုမှာ ၂၀၁၁ ခုနှစ်တွင် ၁၀၂၅၈၇ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၆၂၉၄၆ ဦးနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ် ၁၀ ရက်နေ့အထိ ၁၀၇၅၅၄ ဦး ဝင်ရောက်ခဲ့သည်။ ဧည့်သည်များ ဝင်ထွက်မှု များပြားလာသည်ကို အခွင့်ကောင်းယူ၍ မြန်မာ့လူ့ဘောင်စရိုက်နှင့် ဆန့်ကျင်စွာ သည်းခံနိုင်ဖွယ်မရှိသော ရိုင်းစိုင်းလှသည့် ရာဇဝတ်မှုခင်းများလည်း ဖြစ်ပွားလာခဲ့ကြောင်း တွေ့ရသည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း ၄င်းတို့၏ခရီးဆောင်အိတ်ငယ်နှင့် လက်ဆွဲအိတ်များကို စက်ဘီးရှေ့ခြင်းထဲတွင်ထည့်၍ စီးနင်းသွားလာနေသော ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသူအမျိုးသမီးများအား ပြစ်မှုကျူးလွန်သူတို့က ဆိုင်ကယ်ဖြင့်လိုက်ကာ ခရီးဆောင်အိတ်ငယ်ကို လုယူထွက်ပြေးသည့်ဖြစ်စဉ် (၅)ကြိမ်နှင့် လူသူအရောက်အပေါက်နည်းသည့် ရှေးဟောင်းဘုရားများအကြားတွင် တစ်ဦးတည်း လှည့်လည်လေ့လာစဉ် အကြမ်းဖက်၍ လုယက်သည့်ဖြစ်စဉ် (၂)ကြိမ် စုစုပေါင်း မှုခင်း (၇)ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသည်များ ပုဂံ-ညောင်ဦးဒေသသို့ လာရောက်လေ့လာ လည်ပတ်ရာတွင် ကုမ္ပဏီအစီအစဉ်ဖြင့် အုပ်စုလိုက် လာရောက်သူ (Packaged Tour) များထက် မိမိအစီအစဉ်ဖြင့် လွတ်လွတ်လပ်လပ် သွားလာသူ (Forigen Independent Tour -F.I.T) များမှာ အများဆုံးဖြစ်သည်။ F.I.T များမှာ တစ်ဦးချင်းစီ လမ်းလျှောက်၍ လည်းကောင်း၊ စက်ဘီးများဖြင့် လည်းကောင်း၊ ထင်ရှားသည့် စေတီပုထိုးများအပြင် လူသူသွားလာမှုနည်းသည့် ရှေးဟောင်းဘုရားနေရာများ၊ ညအချိန် မီးရောင်မရှိသည့် လမ်းများသို့ပါသွားလာတတ်ကြပြီး စက်ဘီးများဖြင့် သွားလာရာတွင် ၄င်းတို့၏အသုံးအဆောင်ပစ္စည်းများနှင့် လက်ဆွဲအိတ်များကို စက်ဘီးရှေ့ခြင်းထဲတွင်ထည့်၍ စီးနင်းသွားလာလေ့ရှိကြသည်။ ထိုသို့ နိုင်ငံခြားခရီးသည်များ စက်ဘီးစီးသွားလာစဉ် ပြစ်မှုကျူးလွန်သူများက ဆိုင်ကယ်စီးနင်း၍ စက်ဘီးရှေ့ခြင်းထဲမှ လက်ဆွဲအိတ်နှင့်အသုံးအဆောင်ပစ္စည်းများအား လုယူထွက်ပြေးသည့် ဖြစ်စဉ်များနှင့် ရှေးဟောင်းဘုရားများကြားတွင် တစ်ဦးတည်း လှည့်လည်လေ့လာစဉ် လူသူအရောက်အပေါက်နည်းသည့်နေရာများ၌ တစ်ဦးချင်း အကြမ်းဖက်၍ ပစ္စည်းလုယူသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သာဓကအားဖြင့် ၃-၈-၂၀၁၃ ရက် ညနေ ၆ နာရီ မိနစ် ၅၀ အချိန်တွင် ညောင်ဦးမြို့၊ ညောင်ဦး-ပုဂံမြို့သစ်သွား ကားလမ်းတောင်ဘက်ခြမ်းရှိ ဆူးလေကုန်းဘုရားအနီးတွင် ပြင်သစ်နိုင်ငံသူတစ်ဦးထံမှ ခါးပတ်အိတ်ကို မြန်မာအမျိုးသားတစ်ဦးက လုယူစဉ် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ပြီး ပြင်သစ်နိုင်ငံသူတွင် ဝဲမျက်လုံး ဖူးရောင်ညိုမည်း၊ လည်ပင်း၊ ဝဲလက်တို့တွင် ပွန်းခြစ်ဒဏ်ရာများရရှိခဲ့ကာ ပတ်စ်ပို့တစ်အုပ်၊ အမေရိကန်ဒေါ်လာနှင့်မြန်မာငွေများ၊ Credit Card နှင့် လေယာဉ်လက်မှတ်တို့ ပါသွားခဲ့သဖြင့် ညောင်ဦးမြို့မရဲစခန်းက (ပ)၉၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၆ ဖြင့် အမှုဖွင့် စုံစမ်းခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစရာနေရာများသို့ သွားရောက်လေ့လာရာတွင် လုံခြုံရေးလစ်ဟင်းမှုမရှိစေရန် နေရာတိုင်း၌ လုံခြုံရေးအဖွဲ့များ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များပူးပေါင်းလျက် ပုဂံမြို့ဟောင်းမှ ချောက်သို့သွားသောလမ်းဆုံတွင် ပြစ်မှုကျူးလွန်ခဲ့သူ မြောက်ဦးမြို့နယ် မီးလောင်းဖျားမြောက်ရွာနေ ရဲမင်းစိုး(ခ)မျိုးမင်းဦးအား ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးချက်အရ ရဲမင်းစိုးသည် အခင်းဖြစ်နေ့က ဆူးလေကုန်းဘုရားအနီးတွင် နိုင်ငံခြားသူတစ်ဦးအားတွေ့ရှိ၍ အနီးရှိတုတ်တစ်ချောင်းဖြင့် သုံးချက်ရိုက်ပြီး အိတ်ကို လုယူထွက်ပြေးခဲ့ကြောင်းနှင့် အိတ်အတွင်း၌ပါသော အမေရိကန်ဒေါ်လာများကို ညောင်ဦးမြို့ ဈေးအတွင်း၌ ငွေလဲလှယ်ခဲ့ကြောင်း သိရသဖြင့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ရသည်။

အဆိုပါဖြစ်စဉ်ကဲ့သို့ လုယက်မှုကျူးလွန်ခံရသူအားလုံးမှာ အမျိုးသမီးများသာဖြစ်ပြီး ပြစ်မှုကျူးလွန်သူက ၄င်းတို့အား ပြန်လည်ခုခံခြင်းမပြုနိုင်စေရန်အတွက် ၄င်းတို့တစ်ဦးတည်း သွားလာလည်ပတ်စဉ် ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်ခံရသူ နိုင်ငံခြားသူများက အကူအညီတောင်းခံသည့်အခါ ဘာသာစကားမကျွမ်းကျင်မှုကြောင့် ပတ်ဝန်းကျင်ရှိလူများက အလွယ်တကူမသိရှိနိုင်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များ ပိုင်ဆိုင်သည့် ကင်မရာ၊ အိုင်ဖုန်း၊ လက်ပ်တော့နှင့် နိုင်ငံခြားသုံးငွေစသည့် တန်ဖိုးများပြားသောအသုံးအဆောင်ပစ္စည်းများအား အချိန်တိုအတွင်း လုယက်နိုင်ခြင်းဖြင့် ငွေရလွယ်ခြင်း၊ နိုင်ငံခြားသားများ၏ ပစ္စည်းများကိုလုယက်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နိုင်ရန် လမ်းသွယ်၊ လမ်းကြားများ၊ ချုံပင်ငယ်များ ပေါများခြင်းနှင့် နေရာအများစုမှာ လူသူအရောက်အပေါက် နည်းပါးခြင်းစသည်တို့မှာ ပြစ်မှုကျူးလွန်ရန်အတွက် အခွင့်အရေးပေးနေသကဲ့သို့ဖြစ်နေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကမ္ဘာလှည့်ခရီးသည်များ သွားလာနေထိုင်လည်ပတ်ရာတွင် လုံခြုံအဆင်ပြေချောမွေ့စေရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အား ၁၂-၃-၂၀၁၃ ရက်နေ့တွင် စတင်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ကမ္ဘာလှည့်ခရီးသည်များ အများဆုံးလာရောက်ရာဒေသများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် ညောင်ရွှေဒေသများတွင် ကမ္ဘာလှည့်ခရီးသည်များ၏လုံခြုံရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ ပုဂံတပ်ဖွဲ့စုရှိ တပ်ဖွဲ့ဝင်များက နိုင်ငံခြားခရီးသည်များထံမှ ပစ္စည်းလုယက်ခံရမှုများအား စုံစမ်းဖော်ထုတ်ခဲ့ရာ လုယက်ခံရမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့သည့်အနက် အမှုနှစ်မှုမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

ဘာသာတရား ကိုင်းရှိုင်းလျက် ယဉ်ကျေးသိမ်မွေ့၍ ဖော်ရွေပျူငှာသော လူမျိုးဟူ၍လည်းကောင်း၊ စိတ်ထားရိုးရှင်း၍ ပွင့်လင်းဖြူစင်ကြသည်ဟုလည်းကောင်း မြန်မာတို့၏ ရာစုနှစ်နှင့်ချီကာ တည်ရှိခဲ့သည့် ကောင်းမြတ်သော ဂုဏ်သတင်းတို့သည် ယခုအခါ ပုဂံမြေပြင်၌ ဖြစ်ပွားခဲ့သောမှုခင်းများကြောင့် အမည်းစက်များ စွန်းထင်းခဲ့ရပြီဖြစ်သည်။ ပွင့်လင်းလာသော ခေတ်ကာလနှင့်အတူ ကမ္ဘာလှည့်ခရီးသည်အများအပြားသည် ယဉ်ကျေးမှုဟောင်းတို့ တည်ရှိရာ မြန်မာ့မြေသို့ အလုအယက် တိုးဝင်လာကြတော့မည်ဖြစ်ရာ ဤအကျည်းတန် အရုပ်ဆိုးလှသောဖြစ်စဉ်များက ကမ္ဘာလှည့်ခရီးသည်တို့ကို တောခြောက်သည့်ပမာ ဖြစ်သွားနိုင်သည်ကို သတိပြုကြဖို့ လိုပါသည်။ ထို့ကြောင့် ပုဂံ-ညောင်ဦးဒေသတွင် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ရဲချုပ်ရုံး၏အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးဆောင်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများပါဝင်သည့် အဖွဲ့သည် ပုဂံ-ညောင်ဦးဒေသရှိ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ အနေ့ယာဉ် လုပ်ငန်းရှင်များအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများပါဝင်သည့် ပြည်သူလူထုနှင့်တွေ့ဆုံ၍ ကမ္ဘာလှည့်ခရီးသည်များ၏လုံခြုံရေး၊ သွားလာရာတွင် လုယက်မှုမခံရစေရေး အပြည့်အဝလုံခြုံမှုဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ ပုဂံတပ်ဖွဲ့စုသို့ လှည့်ကင်း/ဝပ်ကင်းများဆောင်ရွက်ရာတွင် အသုံးပြုရန် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် စက်ဘီးများလိုအပ်ကြောင်း သုံးသပ်ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က မော်တော်ယာဉ် သုံးစီး၊ ဆိုင်ကယ် ၁၀ စီး၊ စက်ဘီး ၁၀ စီး၊ လက်ကိုင်ဖုန်းများ၊ ဆက်သွယ်ရေးစကားပြောစက်များနှင့် တပ်ဖွဲ့ဝင်အင်အားများကိုပါ ထပ်မံဖြည့်ဆည်းပေးခဲ့သည်။

ထိုသို့ ဖြည့်ဆည်းပံ့ပိုးပေးမှုဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့က မှုခင်းများထပ်မံမဖြစ်ပွားစေရေးနှင့် ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံမှုအပြည့်အဝရရှိရေးအတွက် လှည့်ကင်း/ဝပ်ကွင်း/ရပ်ကင်းများဖြင့် လုံခြုံရေးတာဝန်များကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ပုဂံ-ညောင်ဦးဒေသတွင် ကမ္ဘာလှည့်ခရီးသည်များမှာ လုံခြုံမှုရရှိနေပြီဖြစ်သဖြင့် စိတ်ချမ်းမြေ့စွာ သွားလာလည်ပတ်နေသည်ကို တွေ့ရှိနေရပေပြီ။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့၏ဆောင်ရွက်နေမှုများ ပိုမိုအောင်မြင်စေရန်နှင့် ရိုးရှင်းဖြူစင်သော မြန်မာ့ယဉ်ကျေးမှုမြို့ဟောင်း ပုဂံနယ်မြေ၌ ကမ္ဘာလှည့်ခရီးသည်များအားလုံး အေးချမ်းစွာ လည်ပတ်လေ့လာနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ မိဘပြည်သူများအားလုံးကပါ ဝိုင်းဝန်းပါဝင်ကာကွယ်စောင့်ရှောက်ပေးကြရန် လိုအပ်သည်။ သို့မှသာ ကမ္ဘာလှည့်ခရီးသွားတို့အဖို့ မြန်မာနိုင်ငံသည် လုံခြုံမှုအပြည့်အဝရှိပြီး စိတ်ချမ်းမြေ့စွာသွားလာလည်ပတ်နိုင်သော ယဉ်ကျေးပျူငှာသည့်မြေ ဖြစ်သည်ဟု ခံစားရလျက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအပေါ်၌ မှီခိုနေကြရသည့် ပုဂံနယ်မြေမှ လူမှုအသိုက်အဝန်း၏ အခြေခံစီးပွားရေး လုံခြုံမှုကိုပါ ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၉-၈-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀ ကျန်းမာဖို့အတူကစားစို့
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၃၀ **လွင်မိုးခရီးသွားနေသည် မြိတ်ကျွန်းစုများဆီသို့** (အပိုင်း-၁၁)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၅ SEA Games Go For Gold (ဝူရှူး) (ဆန်းဆို)
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၂၀ ကာတွန်းအစီအစဉ် **လီယိုကိုလျှို့ဝှက်သင်္ကေတ**
၁၀း၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၁း၀၀ **တွေ့ဆုံဆွေးနွေးအာဆီယံ နိုင်ငံခြားရေးအစည်းအဝေး**
၁၁း၁၀ ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၄း၃၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်

ညပိုင်း

၁၅း၁၅ ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း
၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၃၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဥပဒေပညာထူးပြု) (ဥပဒေပညာ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၁၅ ခံစားစေချင် ချစ်သံစဉ်
၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၈း၂၀ **သက်တံရောင်ရင်ခွင်** (အပိုင်း-၁) ရဲအောင်၊ မြင့်မြတ်၊ ယုသန္တာတင် (ဒါရိုက်တာ-မီးပွား)
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၁း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
- အိန္ဒိယရုပ်ရှင် **အောင်မြင်သူ၏ အနုပညာ** (အပိုင်း-၁)

ပြည်တွင်းသတင်း

ဘာသာပေါင်းစုံ ဝါကျွတ်အိဒ် မိတ်ဆုံစားပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာ မွတ်ဆလင် စီးပွားရေး လုပ်ငန်းရှင်များ ကြီးမှူးကျင်းပသည့် ဘာသာပေါင်းစုံ ဝါကျွတ်အိဒ် မိတ်ဆုံစားပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand Hotel ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် တက်ရောက်ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် ယနေ့နိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ ဆန္ဒနှင့်အညီ အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို စည်းလုံးညီညွတ်စွာ တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားအားလုံးသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သည့် ဘာသာတို့ကို လွတ်လပ်စွာကိုးကွယ်ခဲ့ကြပြီး သမိုင်းစဉ်တစ်လျှောက် မတူညီသော ဘာသာဝင်များ အကြား ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြကြောင်း၊ ဘာသာဝင်အသီးသီး တိုင်း အပြန်အလှန်ယုံကြည်လေးစားမှု၊ နားလည်မှု၊ စာနာသည်းခံမှုတို့ရှိရန်လိုကြောင်း၊ဘာသာရေးပဋိပက္ခများကြီးထွားအောင် မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသူများအား ဝိုင်းဝန်းဆန့်ကျင်သွားရန်၊ သံသယကင်းရှင်းရေး၊ ချစ်ကြည်ရင်းနှီးရေး၊ အတူယှဉ်တွဲနေနိုင်ရေး အချက်များကို အလေးထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ တစ်ဘာသာနှင့် တစ်ဘာသာ ယုံကြည်မှုမတူညီကွဲပြားကြသော်လည်း ကမ္ဘာပေါ်မှာ အတူယှဉ်တွဲ နေထိုင်ကြရတာဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်အောက်တွင် နေထိုင်ကြရင်း နိုင်ငံ့သားကောင်း၊ သမီးကောင်းများပီပီ မိမိတို့ကျရာကဏ္ဍများမှ အင်တိုက် အားတိုက် ပါဝင်ဆောင်ရွက်ပြီး ထာဝရ ချစ်ခင်လက်တွဲနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် မြန်မာ မွတ်ဆလင် စီးပွားရေးလုပ်ငန်းရှင်များအား ချစ်ကြည်ရေးအမှတ်တရ လက်ဆောင်များပေးအပ်သည်။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဘာသာပေါင်းစုံ ဝါကျွတ်အိဒ် မိတ်ဆုံစားပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ – အင်ဒိုနီးရှားနှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖျော်ဖြေတင်ဆက်

ရန်ကုန် ဩဂုတ် ၁၈

(၆၈)နှစ်မြောက် အင်ဒိုနီးရှား သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်း ဖျော်ဖြေတင်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် မြန်မာနိုင်ငံဆိုင်ရာအင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H. E. Mr. Sebastianus Sumarsono တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘီတာဝီယဉ်ကျေးမှုအဖွဲ့နှင့် IISY မှ ကျောင်းသား ကျောင်းသူလေးများက အက၊ တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(၆၈)နှစ်မြောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖျော်ဖြေတင်ဆက်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်နှင့် အင်ဒိုနီးရှားသံအမတ်ကြီး၏ဇနီးတို့က ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုပန်းစည်း လက်ဆောင်များပေးအပ်ကြသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

နောက်တစ်ခုက အင်းလေးကိုပဲ ထပ်ပြီး ဥပမာပေးရရင် အင်းသားနဲ့ ငါးဖိန်းဆိုတာ ခွဲခြားလို့မရဘူး။ အင်းထဲက စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဓာတုပစ္စည်းတွေပိုမိုသုံးစွဲလာကြသလို ဈေးကွက်မှာအဆင်ပြေတဲ့ တီလားပီးယားလို ငါးမျိုးမွေးမြူလာကြတဲ့အတွက် မူလငါးမျိုးတွေ ပျောက်ကွယ်လုနီးပါး ဖြစ်လာရတယ်” ဟု တိုးတက်မှုနှင့် အပြိုင် ကြုံတွေ့နေရသည့် အခြေအနေကို သစ်တောနှင့် သဘာဝပတ်ဝန်းကျင် လေ့လာသူတစ်ဦးက ဥပမာပေးသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ပထမဆုံးအကြိမ်အဖြစ် ခရီးသွားဧည့်သည်ဝင်ရောက်မှု အမြင့်ဆုံးအချိန်သို့ ရောက်ရှိခဲ့ခြင်းကြောင့် ကဏ္ဍအသီးသီးတွင် အလျင်အမြန် ပြင်ဆင်ကြခြင်းသည် အကျိုးစီးပွားအချို့ ရရှိနိုင်သော်လည်း နောက်ဆက်တွဲကြုံတွေ့ရမည့် စိန်ခေါ်မှုများရှိနေသေးကြောင်း မွန်ပြည်နယ် ကျိုက်ထိုမြို့သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းပြုစုရန် ရောက်ရှိနေသူ ဦးသူရထက်(Stevin Htet)က သုံးသပ်ပြသည်။

“ ကျွန်တော်လွန်ခဲ့တဲ့ ၁၀ နှစ်က မြန်မာနိုင်ငံကို လာတဲ့အခါ မာစတာစာတမ်းအတွက် မွန်ပြည်နယ်ကို ရွေးချယ်ပြီး လေ့လာခဲ့တယ်။ အခုလည်း မွန်ပြည်နယ်ကိုသွားပြီး စာတမ်းအတွက် ဆောင်ရွက်နေတယ်။ ဆယ်နှစ်တာအတွင်း ကွာခြားချက်ကတော့ အလွန်များပြားပါတယ်။ တောင်တန်းတွေက အရင်လို စိမ်းညို့မှိုင်းမနေတော့ဘူး။ တောင်ကတုံးအချို့ကိုလည်း တွေ့လာရပြီ။ သမိုင်းဝင်ကျိုက်ထီးရိုးဘုရားကို အရင်ခေတ်တွေတုန်းက မိုးတွင်းမှာ တက်ဖို့မလွယ်ပေမယ့် အခုတော့အချိန်ကာလမရွေး သွားရောက်ဖူးမြော်နိုင်နေပြီ။ သို့သော် ဘုရားပေါ်က ရှုခင်းကတော့ အရင်ကလောက် မလှပတော့ပါဘူး။ မြစ်ကြောင်းတွေဆိုရင် ပိုပြီးသေးသွားတယ်။ အရင်လို ကျယ်ပြန့်မနေတော့တဲ့အပြင် လူနေမှုဓလေ့စရိုက်တွေကလည်း အများကြီးကွာခြားလာတယ်။ ဒေသခံတွေရဲ့ အဆိုအရ တောပစ်ဖို့သားကောင်တွေ အလွန်ရှားလို့ မုဆိုးတွေ အလုပ်ပြောင်းကုန်ကြပြီလို့ ပြောကြတယ်။ မွန်ပြည်နယ်အတွင်းမှာ အံ့ဩလောက်အောင်ကို ဖြစ်ရတဲ့ သဘာဝအလှအပနေရာတွေ၊ ထုံးကျောက်လိုဏ်ဂူတွေ အများကြီးတော့ ကျန်နေပါသေးတယ်။ ဒါတွေကို လူသိများလာအောင်လုပ်ဆောင်ရင်း ဒေသဖွံ့ဖြိုးမှုကို အားကောင်းစေနိုင်သလို တစ်ဖက်ကလည်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းတွေကို အလေးထားသင့်တယ်” ဟု ၎င်း၏ မွန်ပြည်နယ် အတွေ့အကြုံကို ပြောပြသည်။

စီးပွားရေး ဖွံ့ဖြိုးလာမှုကြောင့် စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များ၊ ဟိုတယ်များ၊ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသည့်အတွက် ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ မြင့်တက်လာခြင်းသည် တိုင်းပြည် အနာဂတ်အတွက် အရေးကြီး လိုအပ်ချက်ဖြစ်သော်လည်း စက်ရုံအလုပ်ရုံများကြောင့် လယ်ယာမြေများ နည်းပါးလာခြင်း၊ ရေထု၊ လေထုနှင့် မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရန် လိုအပ်ချက်ကြောင့် ဟိုတယ်များနှင့် ဟိုတယ်ဇုန်များ ဒေသအသီးသီးတွင် အလျင်အမြန် ဖော်ဆောင်နေရခြင်းကြောင့် ဂေဟစနစ်များ ထိခိုက်လာခြင်း၊ သစ်တောပြုန်းတီးခြင်း၊ လေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးအဆင့် မြှင့်တင်ခြင်းများကြောင့် မြေဈေးများ အဆမတန် မြင့်တက်ခြင်း၊ အိမ်ရာပိုင်ဆိုင်သူ လူတန်းစားအင်အားနည်းပါးလာခြင်း၊ တွင်းထွက်များ တူးဖော်ခြင်းကြောင့်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ အပါအဝင်၊ ဒေသခံများ၊ အင်န်ဂျီအိုများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်သည်။

“ကျွန်တော်တို့လို အနုသုခုမနဲ့ယဉ်ကျေးမှုလုပ်ငန်း လုပ်ကိုင်သူတွေကို အများကြီး ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ ဖွံ့ဖြိုးမှုနဲ့အပြိုင် ယဉ်ကျေးမှုကိုပါ ခေတ်စနစ်နဲ့အညီ ပြောင်းလဲပြီး ရှေးထုံးလည်းမပျောက်ပျက်ရအောင် ကာကွယ်သင့်ပါတယ်။ ကျွန်တော့်အထင်ပြောရရင် ကျွန်တော်တို့ ရုပ်သေးပညာရှင်တွေ အပါအဝင် အခြားရှေးဟောင်းရိုးရာယဉ်ကျေးမှု အနုပညာရှင်အတော်များများ ရပ်တည်ဖို့ ခက်ခဲလာနေပါတယ်။ ဒါတွေကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတကာရဲ့စိတ်ဝင်စားမှုကိုပိုမိုရရှိလာစေပြီး တိုင်းပြည်ရဲ့ ယဉ်ကျေးမှု အနုပညာအဆင့်အတန်းကို ကမ္ဘာက သိလာမှာပါ။ အရင်က နိုင်ငံခြားသားခရီးသည်တွေအတွက် အဆင့်မီတဲ့ ရုပ်သေးပြဇာတ်တင်ဆက်မှုတွေ၊ မြန်မာ့ရိုးရာဆိမ်းခွက်အက၊ မြေဝိုင်းအကတွေ တင်ဆက်ပြသကြပေမယ့် အခုနောက်ပိုင်းမှာ တင်ဆက်မှုအပိုင်း အနုပညာပြကွက်တွေ အားနည်းပြီး အဖြစ်သဘောလောက်သာ တွေ့ရတော့ ပညာရှင်အချို့ စားဝတ်နေရေးအခက်အခဲဖြစ်ပြီး မိရိုးဖလာ အနုပညာလုပ်ငန်းတွေ စွန့်လွှတ်ကြရတာ ရှိလာတယ်” ဟု ရွှေတံဆိပ် ၁၈ ခု ရရှိထားသည့် ရွှေမြန်မာရုပ်သေးအဖွဲ့မှ ရုပ်သေးပညာရှင် ဦးစိန်အေးမြင့်က သုံးသပ်ပြသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သဘာဝတောတောင် ရေမြေသယံဇာတတွေ ပျက်စီးဆုံးရှုံးမှုနှုန်းက အိမ်နီးချင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နဲ့ နှိုင်းယှဉ်ရင် မပြောပလောက်ပါဘူး။ ပျက်စီးမှုနှုန်းကိုပြောရရင် ၁၀ ရာခိုင်နှုန်းတောင် မရှိသေးတဲ့အတွက် ပြုပြင်ဖို့ အချိန်အများကြီးရှိပါတယ်။ အဓိကကတော့ လူမှုဘဝမြှင့်တင်ရေးနဲ့ သစ်တော၊ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူတွေ အများကြီး ပေါ်ထွက်လာပြီး ဝိုင်းဝန်းကုစားအဖြေရှာပေးကြရင် ပြန်လည်ကောင်းမွန်လာမယ်လို့ ယုံကြည်ပါတယ်” ဟု လာမည့်ဩဂုတ် ၃၁ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ကြသူများအား ကမ္ဘာမြေချစ်သူဆုပေးအပ်ရန် မဟာမပန်းစီစဉ်နေသူ ဦးအုန်း (FREDA) က ပြောကြားသည်။

“မြန်မာနိုင်ငံမှာ သဘာဝအလှတွေ အများကြီးရှိသေးတယ်။ နိုင်ငံအတွင်းက လူတွေကလည်း အခြားနိုင်ငံတွေလို ခရီးသွားမြင်တိုင်းငွေအဖြစ်ပဲ မြင်ကြတာမျိုးမဟုတ်ပါဘူး။ ဒါပေမယ့်လည်း အနေးနဲ့အမြန် လူတွေရဲ့ အမြင်တွေလည်း ပြောင်းလဲလာနိုင်ပြီး ပြောင်းတာနဲ့တစ်ပြိုင်တည်း ဒီနိုင်ငံရဲ့ အလှတရားတွေက အခုလို တည်မြဲမနေနိုင်တော့ဘူး။ ဒါတွေမယိုယွင်းအောင် ထိန်းသိမ်းသင့်ပြီး မပျက်စီးသေးခင် အချိန်လေးမှာ လာရောက်လည်ပတ်ခွင့်ရလို့ သိပ်ကို ဝမ်းမြောက်ကျေနပ်မိပါတယ်” ဟု ပြင်သစ်နိုင်ငံမှ အလည်အပတ် ရောက်ရှိနေသော ရှေ့နေဇနီးမောင်နှံက ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ ဘုရားဖူးများကို ငေးကြည့်ရင်း ပြောပြသည်။

အရာရာတိုင်းတွင် ညီမျှခြင်းနိယာမ ရှိသည်သာဖြစ်သည်။ အောင်မြင်တိုးတက်မှုများရယူသည်နှင့်အပြိုင် ဆုတ်ယုတ်အားနည်းခြင်းများလည်း ဖြစ်ပေါ်တတ်သည်ဖြစ်ရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနည်းတူ တစ်ဖက်တွင် ဆုံးရှုံးသွားနိုင်စေသည့် အရာများကိုလည်း ပြန်လည်ကုစားနိုင်ရန် နည်းလမ်းများ ချမှတ်ကာ လက်တွေ့ကျကျ အချိန်မီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ကြော်ငြာဌာနခွဲ

စာပေချစ်မြတ်နိုးသူများ၊ အလွယ်တကူဝယ်ယူမှု အဆင်ပြေစေရန်အတွက် သိမ်ဖြူလမ်းမှ **အမှတ် ၁၇၃/၁၇၅၊ ပန်းဆိုးတန်းလမ်း(လယ်)**သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိပါသည်။

ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ အထွေထွေဗဟုသုတ၊ အတ္ထုပ္ပတ္တိ၊ ဥပဒေ၊ အင်္ဂလိပ်စကားပြော၊ အဘိဓာန်၊ ကလေးများအတွက်ပုံပြင်၊ အင်္ဂလိပ်ပုံပြအဘိဓာန်၊ ကွန်ပျူတာ၊ ရာဇဝင်များ၊ မြန်မာ့စွယ်စုံကျမ်းနှင့် နှစ်ချုပ်များ၊ အခြားသော ဗဟုသုတရဖွယ်နှင့် ဖတ်ကောင်းဖွယ်စာအုပ်များကို လွတ်လပ်စွာဝယ်ယူနိုင်ပါသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

မြန်မာ့အလင်း၊ ကြေးမုံ၊ The News Light of Myanmar သတင်းစာများအတွက် ကြော်ငြာများကိုလည်း နေ့စဉ်ပိတ်ရက်မရှိ ပြည်သူ့စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ကြော်ငြာဌာန ဖုန်း - ၀၁-၂၄၈၁၀၁၊ ၂၄၃၅၂၄၊

Fax - ၂၄၂၂၄၇

စာအုပ်ဆိုင် ဖုန်း - ၂၄၈၁၀၂

စာပေဆည်းပူးခြင်းဖြင့် ဗဟုသုတသိမ်းပါ
ကြော်ငြာခြင်းဖြင့် အောင်မြင်မှုကိုရယူပါ

စိုက်ပျိုးရာသီအမီ ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်ရောက်ရှိရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ **(အောက်ပုံ)** သို့ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက သွားရောက်၍ သီးနှံစိုက်ပျိုးရာသီအမီ စက်ရုံထုတ် ဓာတ်မြေဩဇာများကို တောင်သူများ လက်ဝယ်ရောက်ရှိရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်ရုံထုတ်ကုန်များ အရည်အသွေး ပြည့်မီရေး၊ ထုတ်ကုန်များစက်စွမ်းအားပြည့် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်ရုံစီမံရေးကဏ္ဍနှင့် ထုတ်လုပ်ရေးကဏ္ဍရှိ ဝန်ထမ်းများ အချိုးမျှတမှုရှိစေရေးလိုအပ်ကြောင်း မှာကြားပြီး စက်ရုံရှိထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်း-ကျောင်းကုန်း-ကန်ကြီးထောင့်-သာပေါင်း စက္ကူပျော့ဖတ်စက်ရုံ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြံ့ခိုင်ရေးဆောင်ရွက်ထားမှု၊ စက္ကူပျော့ဖတ်စက်ရုံ (သာပေါင်း) ဓာတ်ငွေ့ထိန်းချုပ်ရေးစခန်း၌ ဓာတ်ငွေ့လက်ခံထိန်းချုပ်နိုင်ရေး အသင့်ပြင်ဆင်ထားမှုနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း) ရှိ စက်ထိန်းချုပ်ခန်းနှင့် ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်များကို လှည့်လည် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော် (ကြည်း/ရေ/လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့အနွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း/ရေ/လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် လွင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့ အနွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း/ရေ/လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုမှာ အလှူငွေ ကျပ် ၉၇၉၉၀၀၀၊ ဆန် ၂၆၆ အိတ်ရှစ်ပြည်၊ ဆီ ၇၇ ပိဿာ၊ ပဲ ၇၇၀ ပိဿာ၊ ဆား ၇၇၀ ပိဿာ၊ ငရုတ်သီးမှုန့်ထုပ် ၅၀၀၊ ငပိထောင်းဘူး ၁၀၀၀ နှင့် ဆေးမျိုးစုံ ၇၇၁၂ ဘူးတို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

▲ ရှေ့ဖုံးမှ

အားတက်သရော ရှိကြတာဟာ ဝမ်းသာစရာဖြစ်ပါတယ်။ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော် စာသားနဲ့ လိုဂိုတံဆိပ်တွေကို တရားဝင် အသုံးပြုခွင့်ရရှိကြမှာမို့ အခုလို ကူညီပံ့ပိုးပေးသူအဖြစ် သဘောတူလက်မှတ်ရေးထိုးမှုဟာ မင်္ဂလာရှိတဲ့ ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါတယ်”ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်တွင် ဩဂုတ် ၁၈ ရက်က ပြုလုပ်သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်အတွက် Dentsu Sports Asia+JK Consulant Co.,Ltd. & Daw Win (Garment Center) တို့၏ Sea Games Logo Official Main Sponsor နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲ၌ ပြောကြားသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်အတွက် ကူညီပံ့ပိုးပေးသူများမှာ ယခုအခါ ၁၀ခုခန့် ရရှိနေပြီဖြစ်ပြီး ဆက်လက်၍လည်း လက်ခံပေးသွားမည်ဖြစ်သည်။ ကူညီပံ့ပိုးပေးသူ (စပွန်ဆာ)များကို ကန့်သတ်မှုမရှိဘဲ ဆောင်ရွက် ပေးသွားရန်ရှိပြီး နောက်ဆုံးသတ်မှတ်ချိန်မှာ နိုဝင်ဘာအထိခန့်မှန်းထားကြောင်းသိရသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးသူ (စပွန်ဆာ)များကိုလည်း ဆီးဂိမ်းပွဲတော်မကျင်းပမီ အခမ်းအနားပြုလုပ်ပြီး ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

လာမည့် ဒီဇင်ဘာလတွင် ကျင်းပမည့်(၂၇) ကြိမ်မြောက်ဆီးဂိမ်းပွဲတော်သည် အိမ်ရှင်မြန်မာတို့အတွက် ဂုဏ်ယူစရာကောင်းသော၊ ဧည့်ဝတ်ကျေပွန်တတ်သည့် မြန်မာတို့အကြောင်းကို နိုင်ငံတကာကသိရှိစေမည့် အခွင့်အရေးကောင်းတစ်ရပ်လည်း ဖြစ်သည်။ နောက်တစ်ကြိမ် အိမ်ရှင် အဖြစ်လက်ခံကျင်းပရန် ၂၂ နှစ်ကြာမျှ စောင့်မျှော်ရမည်ဖြစ်ရာ အောင်မြင်မှုများရရှိရန် ဝိုင်းဝန်းကြိုးစားလျက်ရှိနေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

ပျဉ်းမနားမြို့မှ ရွှေဆိုင်တစ်ဆိုင် ကျပ်သိန်း ၃၀၀ ကျော်ဖိုး ခိုးယူခံရ

ပျဉ်းမနား ဩဂုတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီခန့်က ရွှေဆိုင်တစ်ဆိုင် ဖောက်ထွင်းမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၁) ပင်မလမ်း အမှတ် (၈/၁၂၇) “ရွှေစင်ထက်”ရွှေဆိုင်ပိုင်ရှင် ဒေါ်ခင်ထွေး (၄၆ နှစ်)သည် နံနက်ပိုင်း အိပ်ရာမှနိုး၍ နေအိမ်အောက်ထပ် ရွှေဆိုင်ခန်းရှိ အပေါင်ခံရွှေထည်ပစ္စည်းများထည့်သည့် သေတ္တာအတွင်းရှိ ကော်ဘူးမှာ ပျောက်ဆုံးနေသည်ကိုသိရသဖြင့် နေအိမ်အတွင်း လိုက်လံစစ်ဆေးရာ နေအိမ်အပေါ်ထပ်ရှိ တံခါးမကြီးမှာ ပွင့်နေပြီး အနီးရှိ ပြတင်းပေါက် တရုတ်ကပ်မှန်ငါးချပ်မှာ ဖြုတ်ခံထားရကာ ဝရန်တာတွင် မှန်ငါးချပ်နှင့်အတူ အပေါင်ခံရွှေထည်များ ထည့်ထားသည့် ကော်ဘူးကို တွေ့ရသည်။

ကော်ဘူးအတွင်း ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော အပေါင်ခံရွှေထည်ပစ္စည်းမျိုးစုံ ၃၃၉ မျိုး၊ အလေးချိန် ၄၈ ကျပ် ၄ ပဲသားခန့် ကာလတန်ဖိုး ငွေကျပ် ၃၁၃၆၀၀၀၀ ခန့်မှာ ပျောက်ဆုံးနေကြောင်း သိရသဖြင့် ဖောက်ထွင်းခိုးယူသူကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ဒေါ်ခင်ထွေးက ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

အဆိုပါ အမှုအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖောက်ထွင်းသူအား ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဇော်မျိုးနိုင်

ကမ္ဘာ့လှည့်ခရီးသည်အမျိုးသမီးထံမှ လုယက်သူကို ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၈

ညောင်ဦး-ပုဂံမြို့သစ် ကားလမ်းတောင်ဘက်ခြမ်းရှိ ဆူးလေကုန်းဘုရားအနီးတွင် ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးတစ်ဦးကို လူတစ်ဦးက ရိုက်နှက်လုယက်ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ညောင်ဦးမြို့ အမှတ် (၇) တောင်ကြီးအင်းရပ်ကွက် ညောင်ဦး-ပုဂံမြို့သစ် ကားလမ်းတောင်ဘက်ခြမ်းရှိ ဆူးလေကုန်းဘုရားအနီးတွင် ပြင်သစ်နိုင်ငံသူ Miss,Amilic Schaitt (၂၃ နှစ်) ထံမှ မြန်မာအမျိုးသားတစ်ဦးက သူ၏ ခါးပတ်အိတ်ကိုလုယူစဉ် ရုန်းရင်းဆန်ခတ်ဖြစ်ပွားရာ အဆိုပါ အမျိုးသားက အနီးရှိတုတ်ဖြင့် သုံးချက်ရိုက်ပြီး လုယက်ထွက်ပြေးသွားကြောင်း၊ ရိုက်နှက်ခံရမှုကြောင့် ပြင်သစ်နိုင်ငံသူမှာ ဝဲမျက်လုံးဖူးရောင်ညိုမည်း၊ လည်ပင်း၊ ဝဲလက်တို့၌ ပွန်းခြစ်ဒဏ်ရာများရရှိပြီး ပတ်စ်ပို့တစ်အုပ်၊ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေများ၊ Credit Card တစ်ခုနှင့် လေယာဉ်လက်မှတ်တို့ပါသွားခဲ့ကြောင်းကို သူမတည်းခိုနေသည့် View Point တည်းခိုခန်း ပိုင်ရှင်က ညောင်ဦးမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ရာ (ပ)၉၄/၂၀၁၃၊ ပုဒ်မ ၃၈၆ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ရာ ပုဂံမြို့ဟောင်းမှ ချောက်မြို့သို့ သွားသော လမ်းဆုံတွင် ပြစ်မှုကျူးလွန်သူ ရဲမင်းစိုး(ခ)မျိုးမင်းဦး မြောက်ဦးမြို့နယ် မီးလောင်းဖျားမြောက်ရွာနေသူကို ဖမ်းဆီးရမိခဲ့ပြီး ပြင်သစ်နိုင်ငံသူထံမှ လုယက်ခဲ့သည့် အိတ်အတွင်းမှ အမေရိကန်ဒေါ်လာ ၂၃၄ ဒေါ်လာ တွေ့ရှိခဲ့ကြောင်း၊ ၁၃၄ ဒေါ်လာကို မိတ်ဆွေဖြစ်သူ မချိုနွယ်၏ အကူအညီဖြင့် ညောင်ဦးမြို့ ဈေးအတွင်းရှိ ဒေါ်စန်းနွဲ့ထံ လဲလှယ်ခိုင်းခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် လဲလှယ်ခဲ့သည့် ငွေများကို လိုက်လံသိမ်းဆည်းခဲ့သည်။ မှုခင်းဖြစ်စဉ်က ပါသွားသော Credit Card ကိုလည်း အခင်းဖြစ်နေရာ တောင်ဘက်တစ်မိုင်ခန့်အကွာတွင် ထပ်မံရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ ရဲမင်းစိုး(ခ) မျိုးမင်းဦးကို ထိုက်သင့်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်ကုန်းမြို့နယ်ဆိုင်ကယ်စီးသူ ၅၀၀ကျော်အား ယာဉ်မောင်း(က)လိုင်စင်များထုတ်ပေး

➤ သတင်း-ကြံတိုင်းအောင် ➤ ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဩဂုတ် ၁၈

ဆိုင်ကယ်စီးသူအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာနိုင်ရန်အတွက် သင်တန်းများပို့ချပြီး ဆိုင်ကယ်မောင်း(က) ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးလျက်ရှိကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

“ကျွန်တော်တို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဆိုင်ကယ်စီးသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသိရှိနိုင်ရေး နေပြည်တော်တစ်ဝန်း မြို့နယ်တွေမှာ သုံးရက်တစ်ကြိမ် သင်တန်းများ ပို့ချပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှစ်ရက်ကြာသင်တန်း အကြိမ်ပေါင်း (၅၈) ကြိမ်ဖွင့်လှစ်ပြီး ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးလျက်ရှိပါတယ်” ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးထွန်းအုန်းက ပြောသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း ဖွင့်လှစ်ဟောပြောပို့ချခဲ့ရာ ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်းအကြောင်း သိရှိလိုက်နာရန်အချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းပို့ချပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတွင် ဆိုင်ကယ်မောင်း (က)ယာဉ်မောင်းလိုင်စင်ထုတ်ပေးသူဦးရေ ၅၀၀ ကျော်ရှိကြောင်း ဦးထွန်းအုန်းက ပြောသည်။

“ ဆိုင်ကယ် စီးနင်းသူတွေ စည်းကမ်းချိုးဖောက်မှု အများဆုံးကတော့ ဆိုင်ကယ်ဦးထုပ်မပါဘဲ မောင်းနှင်အသုံးပြုတာဖြစ်ပါတယ်။ တချို့က ဆိုင်ကယ်ရှိလို့သာ စီးနေကြတာ ဆိုင်ကယ်ဦးထုပ်မဆောင်းကြဘူး၊ ပြီးတော့ သုံးယောက်စီးတယ်။ ဆိုင်ကယ်က နှစ်ယောက်ပဲ စီးခွင့်ရှိပါတယ်။ စည်းကမ်းကို သိရှိပြီး လိုက်နာဖို့လည်း လိုအပ်ပါတယ်” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုအခါ ရန်ကုန်မြို့ကြီးမှလွဲ၍ မြို့တိုင်းတွင် ဆိုင်ကယ်များ စီးနင်းခွင့်ပြုထားသည်။ ဆိုင်ကယ်များတွင် တရားဝင်မှတ်ပုံတင်ထားသော ဆိုင်ကယ်များရှိသလို လိုင်စင်မဲ့ ဆိုင်ကယ်များလည်း အများအပြားရှိသည်။ မြို့ပြများသာမက ကျေးလက်ဒေသများအထိ ဆိုင်ကယ်အသုံးပြုမှုများပြားလာသည်ကို တွေ့ရသည်။ သို့သော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း အားနည်းနေသဖြင့် မကြာခဏ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးမှုများတိုးလာသည်။ ဆိုင်ကယ်စီးနင်းသူတိုင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိလိုက်နာပြီး ယာဉ်မောင်းလိုင်စင် (က)လိုင်စင်များ ရယူထားရန် လိုအပ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြေကျင်းပြိုကျ လူငါးဦးသေဆုံး

နေပြည်တော် ဩဂုတ် ၁၈

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ ဩဂုတ် ၁၆ ရက်က မြေကျင်းပိသဖြင့် လူငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လွန်ပူးကျေးရွာ၏ မြောက်ဘက်တစ်မိုင်ခန့်အကွာ တောအတွင်းရွှေမှုန်စုပ်စက်လုပ်ငန်း လုပ်ကိုင်နေစဉ် မြေကျင်းပြိုကျသဖြင့် ရွှေကျင်လုပ်သားငါးဦးမှာ မြေကျင်းပိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပေါင်းစည်းလယ်ယာအခြေပြု စိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းဖွင့်

မန္တလေး ဩဂုတ် ၁၈

စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ပေါင်းစည်းလယ်ယာအခြေပြုစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းစခန်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးက အမှာစကားပြောကြားပြီး **(ယာပုံ)**တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယခုကဲ့သို့ သင်တန်းပို့ချပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်ဆောင်ရွက်ခြင်းဖြင့်ရရှိသည့်အကျိုးအမြတ်အပေါ် ပိုမိုသဘောပေါက်နားလည်လာမည်ဖြစ်ကာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ရှစ်ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာလည်း ရောက်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ ကျော် တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်နှစ်စီးလှူဒါန်း

မန္တလေး ဩဂုတ် ၁၈

မန္တလေးချမ်းအေးသာစံမြို့နယ် ကဥ္စဏမဟီရပ်ကွက် အမှတ် (၆၂၆) ရှိ ကဥ္စဏမဟီလူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်နှစ်စီးလှူဒါန်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်က အဆိုပါ အသင်းရုံး၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမိုးမင်းအောင်က မိမိတို့အသင်းသည် လူမှုရေးကိစ္စရပ်များ၊ နာရေးကိစ္စရပ်များတွင် လူမျိုးဘာသာမခွဲခြားဘဲ အခမဲ့ ကူညီဆောင်ရွက်ပေးသည့် အသင်းဖြစ်ကြောင်း ရပ်ကွက်ပြည်သူများ၏ အားပေးကူညီထောက်ပံ့မှုဖြင့် အောင်မြင်သောအသင်းအဖြစ် ရပ်တည်လာနိုင်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ထို့နောက် နိဗ္ဗာန်ယာဉ် အလှူရှင် ဦးအေးကို-ဒေါ်ငယ် (ကြံတိုင်းအောင် ဇလုံကြီးထမင်းဆိုင်) မိသားစုနှင့် လူနာတင်ယာဉ်အလှူရှင် ဦးသိန်းအောင်- ဒေါ်ဆွေဆွေဝင်း (အောင်စာပေနှင့် ဆီစက်) မိသားစုတို့က မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမိုးမင်းအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းထိန်တို့က လက်ခံယူပြီး အလှူရှင်တို့ကို ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၀၄၀)

ရေဘေးကြောင့် စိုက်ပျိုးမြေထိခိုက်မှုများ ပြန်လည်အစားထိုးထူထောင်ရေး တာဝန်ပေး

ခင်ဦး ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စုခြောက်အုပ်စုတွင် မိုးစပါးစိုက်ခင်းများ ရေလွှမ်းခဲ့သဖြင့် ရေဘေးကြောင့် စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါ ရေလွှမ်းမှုကြောင့် ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့်တွေ့ဆုံပြီး ရေဘေးကြောင့် စိုက်ပျိုးမြေထိခိုက်မှုများ ပြန်လည်အစားထိုး ထူထောင်ရေး ဦးစီးကော်မတီဖွဲ့စည်းရေး ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်က စိုက်ပျိုးရေးနှင့်ပတ်သက်၍ မျိုးစပါးရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးကြောင့် စိုက်ပျိုးမြေထိခိုက်မှုကို ပြန်လည် အစားထိုးထူထောင်နိုင်ရန် ကော်မတီခုနစ်ဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်ပေးထားကြောင်း သိရသည်။

စိုးဝေ

မြောင်မြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ သုတေသနပြု

မြောင် ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းထွန်းသည် ဩဂုတ် ၁၂ ရက်တွင် မြောင်မြို့သို့ရောက်ရှိပြီး မြောင်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုနှင့်ပတ်သက်သည့် အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများကို ကွင်းဆင်း၍ သုတေသနပြု လေ့လာကြသည်။

ဆွေးနွေး

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်အတူ မြောင်မြို့ရွှေပေါ်ကျွန်းဘုရား၊ ဝမ်းလှိုင်ဘုရားနှင့် ပဲ့ဘုရားတို့သို့လည်းကောင်း၊ မြောင်မြို့သမိုင်းဝင် ဝက်မစွတ်ကျောင်းကြီးသို့လည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ဩဂုတ် ၁၃ ရက်တွင် ပရိမ္မကျေးရွာ ကျန်စစ်သားမင်းကြီးကောင်းမှုတော် ထီးလှိုင်ရှင်စေတီတော်မြတ်ကြီးသို့လည်းကောင်း၊ ကျောက်ရစ်ကျေးရွာ သမ္မုတိဘုရား(ခေါ်) ရွှေပေါင်လောင်ဘုရားကြီးသို့လည်းကောင်း၊ နဘက်ကျေးရွာ ရွှေသိမ်တော်ကုန်းမြေရှိ မာန်အောင်သာဂရမြို့ရိုးဟောင်းနှင့်တဝဂူဘုရားကြီးသို့လည်းကောင်း ကွင်းဆင်း၍ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

လောကဟိတလူမှုကူညီရေးအသင်းရုံးခန်းဖွင့်

စဉ့်ကူး ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု လောကဟိတလူမှုကူညီရေးအသင်း(အခမဲ့) ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီက အဆိုပါအသင်းရုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကားအလှူရှင်ဦးလွင်ကိုနှင့် ဦးဇော်ဦးတို့က လောကဟိတလူမှုကူညီရေးအသင်းရုံးခန်းနှင့်ဆိုင်းဘုတ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်ငြိမ်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်း အတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သင်း၊ ဦးအောင်ကိုမြတ်နှင့် ဦးအောင်ကိုလတ်တို့က အသင်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ မော်တော်ယာဉ်များ ကြံ့ခိုင်ရေး၊ ရုံးခန်းတည်ဆောက်မှုနှင့် ငွေကြေးဆိုင်ရာ ရငွေ၊ သုံးငွေများကို ရှင်းလင်းပြောကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိန်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အလှူရှင် ၆၅ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၃၃)

စိုက်ပျိုးစရိတ်ထုတ်ချေးပေး

ရေဦး ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရေဦးမြို့နယ် ၆၇ အုပ်စုရှိ တောင်သူများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် မိုးစပါးတစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ်တစ်သိန်း၊ မြေပဲစိုက်တောင်သူများအတွက် တစ်ဧကလျှင် ချေးငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ် ၁၅ ရက်အထိ ကျေးရွာပေါင်း ၄၆ ရွာ၊ တောင်သူ ၉၇၁၇ ဦး၊ လယ်မြေ ၅၁၁၀၇ ဧက၊ ယာမြေ ဧက ၆၉၀ တို့ကို ချေးငွေကျပ် ၅၁၂၄၅ သိန်းအထိ ထုတ်ချေးပေးပြီးဖြစ်သည်။ ထို့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ချေးငွေအပေါ် တစ်စုံတစ်ရာဖြတ်တောက်ကောက်ယူခြင်းမရှိကြောင်း၊ ချေးငွေကို ဩဂုတ် ၃၁ ရက်အထိနောက်ဆုံးထားထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်/ဘဏ်မန်နေဂျာ ဦးမြင့်ဆွေက ပြောသည်။ **သန်းဦး(ရေဦး)**

မြို့နယ်သတင်းတိုများ

အုန်းဒုတ်ရွာ အမကကျောင်း၌ အာဟာရဒါနတိုက်ကျွေး

မော်လူး ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ အုန်းဒုတ်ကျေးရွာ မူလတန်းကျောင်းတွင် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများအား အာဟာရဒါနအဖြစ် အုန်းနို့ခေါက်ဆွဲများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

အုန်းဒုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၅၀ ကျော်အား အာဟာရဒါနအဖြစ် အုန်းနို့ခေါက်ဆွဲကျွေးမွေးခြင်းကို ဦးညီထွေး-ဒေါ်ထွေးထွေး(တိုးထက်ဆန်စက်) မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းအေးနှင့် ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။

နီတိုး

မချမ်းဘောမြို့၌ ကလေးသူငယ်ဖွံ့ဖြိုးရေး အာဟာရတိုက်ကျွေး

ပူတာအို ဩဂုတ် ၁၈

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက မချမ်းဘောမြို့ ဂူဘားရိပ်သာခန်းမဆောင်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ကပူးပေါင်း၍ မူကြိုကျောင်းကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် နို့စို့ကလေးငယ်များအား ပူးပေါင်းအဖွဲ့ငါးဖွဲ့က အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

ရမည်းသင်း ဩဂုတ် ၁၈

ရမည်းသင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသည့် အခြေခံပညာအထက်တန်းကျောင်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲနှင့် ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ အထကနှင့် အထက(ခွဲ)ကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၁ ဦးတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ခေါင်းစဉ်များဖြင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပြီးနောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက်တက်ရောက်လာကြသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်အား အသံတုဝိဇ္ဇာ ဦးရဲမြင့်လေးက မျက်လှည့်ဖြင့် ပညာပေးဟောပြောပြသပေးကြောင်း သိရသည်။

(၀၁၁)

ကလေးမြို့တွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ကလေး ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကျောင်းတိုက်ကျေးရွာ စာကြည့်တိုက်တွင် ဩဂုတ် ၁၆ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်ကော်မတီနှင့် ပူးပေါင်းကာ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချသည်။

အဆိုပါစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းသည် ၂၀၁၃ ခုနှစ်အတွင်း ပထမဆုံးဖွင့်လှစ်သောသင်တန်းဖြစ်ပြီး ကျောင်းတိုက်ကျေးရွာမှ သင်တန်းသား ၁၆ ဦး၊ ဆည်တော်ဦးကျေးရွာမှ ငါးဦး၊သဖန်းအိမ်ကျေးရွာမှ နှစ်ဦး တက်ရောက်ကြသည်။ ယခင်နှစ်များကလည်း ပျဉ်းတောဦးကျေးရွာ၊ မြောင်းလှကျေးရွာ၊ ထိုမာကျေးရွာ၊ ထောက်ကြန့်ကျေးရွာ၊ ကုက္ကိုကျေးရွာ၊ ကံကြီးကျေးရွာများတွင် စာကြည့်တိုက်သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကျောင်းတိုက်ကျေးရွာ၌ဖွင့်လှစ်သော စာကြည့်တိုက်ပညာသင်တန်းတွင် မျိုးတူစုပြုခြင်းများ၊ စာအုပ်စာရင်းရေးသွင်းမှုပုံစံများ၊ စာအုပ်ထိန်းသိမ်းခြင်းနည်းလမ်းများကို ပို့ချပေးခဲ့သည်။

သျှင်နေမင်း

ဖမ်းဆီးသိမ်းဆည်းထားသော နွားများ မဲစနစ်ဖြင့်ရောင်းချ

ခင်ဦး ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ စည်ပင်သာယာခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ဖမ်းဆီးသိမ်းဆည်းထားသော နွား ၃၁ ကောင်ကို တောင်သူများကို မဲစနစ်ဖြင့် လေလံတင်ရောင်းချပွဲ ကျင်းပသည်။

ရောင်းချပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ သတင်းမီဒီယာများ၊ နွားဝယ်ယူကြမည့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။ ပထမတန်းစား နွား ၁၅ ကောင်ကိုတစ်ကောင်လျှင်ငွေကျပ် ၆၆၀၀၀၀ နှုန်း၊ ဒုတိယတန်းစားနွားကိုးကောင်ကို တစ်ကောင်လျှင်ငွေကျပ် ၅၅၀၀၀၀ နှုန်း၊ တတိယတန်းစားနွားခုနစ်ကောင်ကို တစ်ကောင်လျှင်ငွေကျပ် ၂၂၀၀၀၀ နှုန်းဖြင့် နွား ၃၁ ကောင်အတွက် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ငွေကျပ် ၁၆၃၉၀၀၀၀ ရရှိကြောင်း သိရှိရသည်။

ရောင်နီတင်ဝင်း

ဒေသထွက် မျှစ်ချိုးယူသူနှင့် ရောင်းဝယ်သူ တွက်ခြေကိုက်

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း ကျေးရွာအချို့ ဒေသထွက်ကုန်ဝါးပိုးမျှစ်ချဉ် ရောင်းဝယ်ခြင်း လုပ်ငန်းများဖြင့် အဆင်ပြေလျက်ရှိကြသည်။

စာရေးသူအနေဖြင့် ဒေသထွက်ကုန်များကို လေ့လာရင်း ဝါးပိုးမျှစ်ချဉ်အများအပြားထုတ်လုပ်ရောင်းချနေသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း တဲကုန်းကျေးရွာသို့ သွားရောက်ခဲ့သည်။

ပြောကြား

တဲကုန်းကျေးရွာ အတွင်းသို့ ရောက်ရောက်ချင်း ဖွေးဖွေးဖြူနေသော ဝါးပိုးမျှစ်ချဉ်တောင်းများကို နေအိမ်အများအပြားတွင် တွေ့မြင်ခဲ့ရသည်။ မျှစ်အရောင်းအဝယ်ပြုလုပ်သည့် ဦးတင်ထွန်းက "ကျွန်တော်တို့ရွာမှာ မျှစ်အရောင်းအဝယ်ဒိုင်တွေ အများကြီးရှိပါတယ်။ အခြားအနီးဝန်းကျင်ကျေးရွာများမှာလည်း မျှစ်အဝယ်ဒိုင်တွေ အနည်းအကျဉ်းရှိပါတယ်။ ယခုလို မိုးရာသီကာလရောက်တာနဲ့ ကျွန်တော်တို့ ဇေယျာသီရိမြို့နယ်အတွင်းမှာရှိတဲ့ ရွာသစ်ကုန်း၊ ဝဲကြီး၊ ခေတ်အေး၊ အင်းသာ၊ ကျောက်ခွက်၊ သရက်ပင်၊ မရင်းကြီးကျေးရွာများမှ မျှစ်ချိုးသူတွေက အရှေ့ဘက် ရှမ်းရိုးမတောင်တန်းများပေါ်သို့ တက်ရောက်မျှစ်ချိုးပြီး လာသွင်းကြပါတယ်။ တစ်နေ့ကို မျှစ်အကြမ်းထည် ပိဿာ ၃၀၀ ကျော်ရရှိပါတယ်။ မျှစ်အကြမ်းကို တစ်ပိဿာ ငွေကျပ် ၂၀၀ နှုန်းနဲ့ ဝယ်ပါတယ်။ အဲဒီဝါးပိုးမျှစ်တွေကို ဓားဖြင့် ခပ်ပါးပါးလွှာပြီး ကျောက်စည်ပိုင်းများအတွင်း ရေနဲ့သိုလှောင်ကာ မျှစ်အချဉ်တည်ပါတယ်။ မျှစ်ချဉ်တွေကို မြန်မာ့စားသောက်ဖွယ် ဟင်းလျာတစ်မျိုးအနေဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချပါတယ်။ အချောမျှစ်ချဉ်များကိုတော့ တစ်ပိဿာငွေကျပ် ၄၀၀ နှုန်းနဲ့ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းစတဲ့ မြို့တွေမှာရှိတဲ့ မျှစ်ပွဲရုံများသို့ ပြန်လည်တင်ပို့ရောင်းချခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရှင်းပြ

ဆက်လက်ပြီး မျှစ်ချိုးပြီး ပြန်လာသူဒေသခံတစ်ဦးအား စေ့ငုကြည့်ရာတွင် "ကျွန်တော်တို့ နံနက်လေးနာရီလောက်စပြီး အရှေ့ဘက်ရှမ်းရိုးမတောင်တန်းရှိ လက်ဖက်တောင်များပေါ်အထိ တက်ရောက်ကာ မျှစ်ချိုးပါတယ်။ မွန်းလွဲ ၂ နာရီဝန်းကျင်ဆို တောင်အောက်ပြန်ရောက်ပါတယ်။ တစ်နေ့မျှစ်ပိဿာအချိန် ၂၀ ကျော် လောက်ရပါတယ်။ ဘာပဲပြောပြော မျှစ်ဖိုးတစ်နေ့ ငွေကျပ် ၄၀၀၀ ကျော်ရတော့ စားဝတ်နေရေးအတွက် အဆင်ပြေမှုရှိပါတယ်"ဟု ရှင်းပြသည်။

နေပြည်တော်မှ ထွက်ရှိသော ဝါးပိုးမျှစ်ချဉ်များသည် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ ကြိုက်နှစ်သက်သည့် မြန်မာ့စားသောက်ဖွယ်ရာ ဟင်းလျာတစ်မျိုးလည်းဖြစ်၍ ဈေးကွက်တွင် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်လွင်(မြန်မာ့အလင်း)

လယ်ဝေးမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနား ကျင်းပ

လယ်ဝေး ဩဂုတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဩဂုတ် ၁၇ ရက်မွန်းလွဲ ၁ နာရီက အမှတ်(၆) ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁)ဦးချစ်ဆွေက အာဟာရရက်သတ္တပတ်လှုပ်ရှားမှုလုပ်ငန်းစဉ်များအကြောင်းနှင့် သူနာပြုဆရာမ ဒေါ်လှလှဝေက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေး အင်စပက်တော် ဦးသိန်းနိုင်က ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များက ငါးနှစ်အောက်ကလေး ၅၃ ဦးအား ဗီတာမင်အားဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင် ၂၅ ဦးအား ကြက်ဥနှင့် သံဓာတ်အားဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရှိရသည်။

ဇော်မျိုးနိုင်

မလှိုင်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်သူများ ဆုချီးမြှင့်

မလှိုင် ဩဂုတ် ၁၈

မလှိုင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်အောင်ချက်အမြင့်မားဆုံး ကျောင်းများ၊ ဆရာ ဆရာမများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၇ ရက်က ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းရီက မလှိုင်မြို့နယ်၏ ပညာရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အောင်ချက်အမြင့်ဆုံး ကျောင်းများဖြစ်သော အထက မလှိုင်၊ အထကဆည်တို၊ အထက(ခွဲ) သာဒွန်းအေး- အထက်မြန်မာပြည်တစ်နိုင်ငံလုံးတွင် ကိုယ်ပိုင်ကျောင်းများအနက် ပထမဆုရရှိခဲ့သော မိသားစုကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၃ ဦးတို့ကို ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

မြစ်ငယ်တွင်ကျောင်းကျန်းမာရေးဟောပြော

မြစ်ငယ် ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ အထက်တန်းကျောင်းတွင် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက ကျောင်းသားကျောင်းသူများ ကျောင်းကျန်းမာရေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၇ ရက် သီတင်းပတ်အစီအစဉ်အရ မြစ်ငယ်အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မြစ်ငယ်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြန်မာ့မီးရထားဆေးရုံ (မြစ်ငယ်) တိုင်းဆရာဝန်ကြီး ဒေါက်တာဦးမြင့်အောင်က သွေးလွန်တုပ်ကွေးအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အမရပူရမြို့နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာတင်ကိုကိုစိုးက HIV/AIDS အကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် အမရပူရမြို့နယ် ကျန်းမာရေးမှူး ဦးရဲဝင့်အောင်က PICTS-Program (The Union) မှ တီဘီရောဂါအကြောင်း၊ တီဘီရောဂါကို အခမဲ့စစ်ဆေးနိုင်ကြောင်းနှင့် တီဘီရောဂါကို အခမဲ့ကုသနိုင်ကြောင်းကို မြစ်ငယ်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

အဆိုပါ ကျောင်းကျန်းမာရေးဟောပြောပွဲသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဆရာ ဆရာမများ၊ အလှည့်ကျ ကျောင်းသား ကျောင်းသူ ၂၅၀ နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ပြည်တွင်းသတင်း

မြို့နယ်သတင်းတိုများ

ရေသယံဇာတထိန်းသိမ်းရေးဟောပြော

တောင်ငူ ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ရေသယံဇာတထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ဟောပြောပွဲကျင်းပရာ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးကျော်မင်းက ရေသယံဇာတထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ အဆိုပါဟောပြောပွဲသို့ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်၊ ရေတာရှည်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော် တက်ရောက်ကြပြီး ရေတာရှည်မြို့နယ် အင်းလုပ်ငန်းရှင်များက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ ကို ကျောင်းသား ကျောင်းသူများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၃၆)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် တာချီလိတ်၌ကျင်းပ

တာချီလိတ် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ၂၀၁၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအခမ်းအနားကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့်ဗီတာမင်ဘီဝမ်းဆေးပြားများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(လ/၀၁၅)

အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် စက်ချုပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ဆံသသင်တန်းများကို စက်တင်ဘာ ၁၆ ရက်တွင် သုံးလသင်တန်းအဖြစ် ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ သင်တန်းသို့ တက်ရောက်လိုသူများသည် မသန်စွမ်းသက်ကြီး သင်တန်းကျောင်း ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၇၄၈၅၆နှင့် ၀၉-၄၉၃၀၆၄၀၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊ အဆောင်နေ၊ စားစရိတ်ငြိမ်းနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

2013 Mandalay Job Fair ကျင်းပမည်

မန္တလေး ဩဂုတ် ၁၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပန်းရာဇဝင်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော 2013 Mandalay Job Fair ကို မြို့တော်ခန်းမ၌ ဩဂုတ် ၂၄၊ ၂၅ ရက်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပန်းရာဇဝင်ကုမ္ပဏီဒါရိုက်တာ ဦးပြည့်ဖြိုးမောင်က ပြောသည်။

"အလုပ်ရှင် အလုပ်သမားတို့နှင့်ပတ်သက်ပြီး ဥပဒေဆိုင်ရာများ၊ ကျင့်ဝတ်ဆိုင်ရာများ၊ မျှော်လင့်ချက်များကို အတွေ့အကြုံရင့်ကျက်တဲ့ ဆရာ ဆရာမများက ဟောပြောသွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ အလုပ်ခန့်တာတွေနဲ့ပတ်သက်ပြီးတော့လည်း အခမဲ့ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အလုပ်သမားရုံးက အလုပ်သမားမှတ်ပုံတင်ပေးမယ့်ကိစ္စတွေကိုလည်း ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ Job Fair သို့ဆရာဦးအေးကြူ၊ ဆရာဦးမြင့်သန်း၊ ဆရာမ ဒေါ်မြကေသွယ်မောင်၊ ဆရာဦးရဲမြတ်သူ၊ ဆရာဦးဇာနည်နှင့် ဆရာဦးအောင်ကျော်စိုးတို့က အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ဟောပြောကြမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဦးပြည့်ဖြိုးမောင် ဖုန်း ၀၉-၉၁၀၄၉၈၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ဟောပြောသရုပ်ပြ

ရေး ဩဂုတ် ၁၈

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဟောပြောခြင်း သရုပ်ပြခြင်းအစီအစဉ်များကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးညွန့်ဆွေနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူ ၅၀ တို့အား မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲမင်းက ရေပြင်အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်း၊ ရေပြင်အသက်ကယ်နည်းစနစ်သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများကို ဟောပြောလက်တွေ့ဆောင်ရွက်လျက်ရှိပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ဖြေကြားပေးသည်။

နေမျိုးထွဋ်(ရေး)

ပြည်တွင်းသတင်း

စားအုန်းဆီဈေးတက် ဆန်ကြမ်းဈေးနှုန်းကျ

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ်လ တတိယပတ်အတွင်း ဩဂုတ် ၁၆ ရက် ကုန်စည်ဒိုင်ဈေးနှုန်းများအရ ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၅၀၊ စားအုန်းဆီ တစ်ပိဿာ ၃၅ ကျပ် ဈေးတက်လာသော်လည်း ဆန်ကြမ်းဈေးနှုန်းများ ကျဆင်းလာကြောင်းသိရသည်။

ရန်ကုန် ဝါးတန်းလမ်း ကုန်စည်ဒိုင်တွင် ကမ္ဘာ့ဂျီအချို့ ဆန်များရောင်းချလာမှုနှင့်အတူ လိုအပ်ပါက အရန်ဆန်အိတ်ရေ လေးသိန်းထုတ်ရောင်းမည်ဆိုသော သတင်းစကားများကြောင့် နယ်လှောင်လက်များ ရန်ကုန်ဈေးကွက်သို့ ဆန်တင်ပို့မှုရှိလာပြီး နယ်စပ်ပို့အဝယ်များပြားခြင်းမရှိသဖြင့် ဆန်ဈေးကွက်တွင် အရောင်းအဝယ်အေးလာကြောင်း၊ ဈေးနှုန်းများအနည်းငယ်ကျလာရာ ဩဂုတ် ၁၆ ရက်တွင် နှံ့ဆန်တစ်အိတ် ငွေကျပ် ၁၈၄၀၀-၁၈၅၀၀ ဝန်းကျင်သာရှိကြောင်း ရန်ကုန်ရှိ ဆန်ကုန်သည်များအနေဖြင့် ဈေးအမြင့်ဖြင့် လက်ဝယ်မရှိရန် ဈေးကွက်အတွင်း လိုအပ်သလောက်ဝယ်ယူမှုရှိကြောင်း၊ ပုသိမ်မှ ရန်ကုန်သို့ ယခင်လပိုင်း ဆန်တင်ပို့မှုနည်း၍ ကားခငွေကျပ် ငါးရာသာရှိရာမှ ယခုရက်ပိုင်း အပို့များလာရာ ကားခ ငွေကျပ် ၆၅၀ နှုန်းဖြစ်လာကြောင်း ဆန်ကုန်သည်တစ်ဦးကဆိုသည်။ ပေါ်ဆန်း၊ ပေါ်ကျွဲဆန်များမှာ ဈေးနှုန်းအပြောင်းအလဲနည်းကြောင်း သိရသည်။

ကြက်သွန်နီများ ဩဂုတ် ၁၆ ရက်တွင် ပိဿာချိန် ၇၈၀၀၀ သာဝင်ရောက်သဖြင့် ရန်ကုန်သို့ အဝင်များလာရန် ဒုတိယအကြိမ် တစ်ပိဿာ ကျပ် ၅၀ ဈေးမြင့်တင်လာကြောင်း သိရသည်။ ဩဂုတ်လ ပထမပတ် ကုန်ပိုင်းဈေးကွက်တွင်းသို့ ပျမ်းမျှကြက်သွန် ပိဿာချိန် ၁၅၀၀၀၀ ဝန်းကျင်သာဝင်ရောက်သည့်အတွက် ကြက်သွန်နီ တစ်ပိဿာ လတ်ချောအသေး တစ်ပိဿာ ငွေကျပ် ၈၀၊ ရှယ်အကြီး ငွေကျပ် ၈၀ ဈေးနှုန်းမြင့်တင်ခဲ့ကြောင်း၊ ယင်းသို့ ဈေးမြင့်လာပြီးနောက် နယ်မှ ကြက်သွန်နီ ပိဿာပျမ်းမျှ ၂၅၀၀၀၀ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာကြောင်း၊ သို့သော် ဩဂုတ် ၁၅ ရက်တွင် ပိဿာချိန် ၁၄၀၀၀၀ ခန့်၊ ဩဂုတ် ၁၆ ရက်တွင် ပိဿာ ၇၈၀၀၀ သာဝင်ရောက်လာပြီး ကြက်သွန်နီ ရန်ကုန်ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၃၀-၆၇၀-၆၈၀-၇၀၀ နှုန်းသို့ မြင့်လာသည်ဟု ကြက်သွန်နီအဝယ်တော် တစ်ဦးက ဆိုသည်။

စားအုန်းဆီ လက်ကားဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၄၈၀ ထိ၊ဩဂုတ် ၁၂ ရက်တွင် ကျဆင်းလာသော်လည်း ဈေးကွက်တွင် အဝယ်များသဖြင့် ဈေးပြန်တက်လာရာ ဩဂုတ် ၁၆ ရက်တွင် စားအုန်းဆီ လက်ကားတစ်ပိဿာ ငွေကျပ် ၁၅၁၀၊ ယုဇနကန်ဆီ တစ်ပိဿာ ငွေကျပ် ၁၅၂၀ နှုန်းသို့ ဈေးမြင့်လာကြောင်း သိရသည်။ ဩဂုတ် ၁၅ ရက် ပြည်ပ FOB စားအုန်းဆီ တစ်တန် ဒေါ်လာ ၈၀၀၊ ပြည်တွင်းငွေလဲနှုန်း ၉၇၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ငွေကျပ် ၁၅၂၀ ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် ၂၀၁၂ ဩဂုတ် ၁၆ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၅၂၀-၆၄၅-၆၈၅-၇၂၀ နှုန်း၊ စားအုန်းဆီလက်ကား တစ်ပိဿာ ငွေကျပ် ၁၇၀၅ နှုန်းရှိခဲ့ကြောင်း ယခင်နှစ်ဈေးနှုန်းဟောင်းများအရ သိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၈-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၀၈၀၀၀-၆၆၆၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၀၇၇၀၀-၆၆၆၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅- ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၀ - ၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅- ၇၇၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅- ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၂- ၁၅. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄- ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀- ၂၉၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၂၈၀၀ - ၅၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၃၅၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၇၀၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀ - ၆၀၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၅၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀ -၂၃၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ -၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ရေဘေးကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်

ကျိုင်းတုံ ဩဂုတ် ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ကျေးရွာအုပ်စု ကတ်ဝုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျေးရွာအတွင်းမှ ရေဘေးဒဏ်ကိုခံခဲ့ကြရသည့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရေဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက ရေဘေးဒဏ်ခံခဲ့ကြရသည့် အိမ်ထောင်စုများမှ ကျေးရွာပြည်သူများကို ယခုကဲ့သို့လာရောက် လှူဒါန်းရသည့်အကြောင်းနှင့် ရေဘေးဒဏ်ကိုခံကြရသည့် ကျေးရွာပြည်သူများ၏ လယ်မြေအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်က မျိုးစပါးများ ပြန်လည်ထောက်ပံ့ပေးအပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး၊ ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၊ ကျိုင်းတုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခေတ္တခရိုင်ဦးစီးဌာနမှူး ဦးသန်းဝင်းစိုးနှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းတို့က အိမ်ထောင်စု ခုနစ်စုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ဖျာပုံ သမိန်ထောကုန်းတန်းကျေးရွာ၌ ထုတ်ပေး

ဖျာပုံ ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးစန်းမောင်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ကျော်နှင့် တောင်သူနှစ်ဦးအားလည်းကောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက ရပ်မိရပ်ဖကိုယ်စားလှယ် နှစ်ဦးအား လည်းကောင်း၊မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက တောင်သူလယ်သမားကိုယ်စားလှယ် ဦးစိုးကြည်နှင့် တောင်သူနှစ်ဦးတို့အားလည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးသည်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသည့်အတွက် တောင်သူများ အကျိုးကျေးဇူးများစွာရှိကြောင်းကို ကျေးရွာနေတောင်သူများကိုယ်စား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဇော်မင်း(iprd)

အထူးကျေးဇူးတင်လွှာ

အခရိုမဂလီ(Acromegaly) ရောဂါဝေဒနာခံစားနေရသော အရပ်(၇)ပေ (၁၀)လက်မရှိ ဝင်းဇော်ဦးအား စင်ကာပူနိုင်ငံသို့ သွားရောက်ဆေးကုသနိုင်ရန်အတွက် ဆေးကုသစရိတ် မြန်မာငွေကျပ်သိန်း ၁၀၀ လှူဒါန်းသော ဧရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်အား အထူးကျေးဇူးတင်ရှိပါသည်။

ဥက္ကဋ္ဌ
Save Win Zaw Oo
ဝင်းဇော်ဦးအသက်ကယ်ရန်ပုံငွေရှာဖွေရေးအဖွဲ့
ဖုန်း-၀၉-၈၆၀၁၃၄၅

‘ကံကောင်း’

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၆

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တိုက်အမှတ် ၇၂၊ သီရိလမ်းနေ ဒေါ်ခင်နွဲ့၏သမီး မသန္တာထွန်း ၁၂/လမတ(နိုင်)၀၃၃၅၆၄သည် မိမိ၏သဘောဆန္ဒအရ အိမ်ပေါ်မှ ဆင်းသွားပြီး မိဘများအား စိတ်ဆင်းရဲမှုအမျိုးမျိုးတို့ကို ဖန်တီးပြုလုပ်ပါသဖြင့် အမွေစားအမွေခံ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ခင်နွဲ့ ၁၂/မဂဒ(နိုင်)၀၃၇၂၀၃

ဥတုရာသီ တောကိုမှီ၏

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေလံကြော်ငြာ

[illegible]

[illegible]

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေကွက်အမှတ် (ဃ/၁၆/၁၆၄)၊ မြေကွက်အကျယ်အဝန်း အလျားပေ ၆၀ × အနံပေ ၆၀ ရှိ မြေကွက်နှင့် အခြားဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမင်းသန်း ၁၂/ကတတ(နိုင်)၀၁၅၅၄၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်နှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်ဆိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

ညွှန်ကြားချက်အရ-
ဦးသိန်းဝင်း (စဉ်-၂၀၈၈၇)၊ အထက်တန်းရှေ့နေ
အမှတ် (၄၆၀/ခ)၊ မင်းကြီးလမ်း၊ သရက်တော၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၉၂၉၀၄၀၄၊ ၀၁-၆၄၂၉၀၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့ လေလံအစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း (၁)၊ (အင်းဝလမ်းနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းဘေးရှိ) စက်မှုဇုန်မြေကွက် ၂၉ ကွက်၊ ခန့်မှန်းခြေ မြေဧရိယာ ၆၁ ဒသမ ၅၉၂ဧကအား ငှားရမ်းအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအား လေလံစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်မည့် နိုင်ငံသား/နိုင်ငံခြားသားလုပ်ငန်းရှင်များက အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) စိတ်ဝင်စားကြေးအဖြစ် ငှားရမ်းဆောင်ရွက်မည့် တစ်ဧကအတွက် ကျပ်သိန်း ၁၀၀ နှုန်းပေးသွင်းရပါမည်။

(ခ) အကွက်အမှတ် (၁၈၅)မှ (၁၉၇)အထိ (၁၃)ကွက်၊ မြေ ၂၇ ဒသမ ၅၁၈ဧကကို တစ်ပေါင်းတည်း၊ တစ်ကွက်တည်း သတ်မှတ်၍ လေလံတင်ငှားရမ်းပါမည်။

(ဂ) ကျန်မြေ ၃၄ ဒသမ ၀၇၄ဧကအား ၁၆ ကွက်အဖြစ် သတ်မှတ်၍ တစ်ကွက်ချင်း လေလံတင် ငှားရမ်းပါမည်။

(ဃ) နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ မည်သူမဆို လေလံဆွဲငှားရမ်းခွင့်ရှိပါသည်။

(င) လေလံအောင်မြင်ပြီးသော နိုင်ငံခြားသားလုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရရှိမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။

(စ) လေလံအောင်မြင်ပြီးသူများသည် (၅)နှစ်အတွင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မြေကွက်များအား အမည်ပြောင်းလဲခွင့်မရှိဘဲ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ တင်ပြလျှောက်ထား၍ ဆောင်ရွက်နိုင်ပါသည်။

(ဆ) လေလံအောင်မြင်သူများအနေဖြင့် စာချုပ်ချုပ်ဆိုသည့်အချိန်မှ (၃)လအတွင်း စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၂။ ၄-၉-၂၀၁၃ ရက်တွင် လေလံပြိုင်ပွဲကျင်းပပါမည်။

၃။ လေလံစည်းကမ်းချက်များကို ၇-၈-၂၀၁၃ရက်မှ ၃-၉-၂၀၁၃ရက်အထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဌာနစု(၂)တွင် ရုံးချိန်အတွင်း တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၁၁၃၇၀၊ ၀၁-၂၁၇၅၃၉သို့ ဆက်သွယ်နိုင်ပါသည်။

နေပြည်တော်နှင့် စားကြွင်းစားကျန်အမှိုက်များ

"ကျွန်တော်က စည်ပင်အမှိုက်သိမ်းကားမောင်းတဲ့ ဝန်ထမ်းဖြစ်ပါတယ်။ အမှိုက်သိမ်းကားတွေက နေ့စဉ်ပုံမှန် ရပ်ကွက်တွေကိုလာရတယ်။ အချို့က အမှိုက်သိမ်းကားအလာကို စောင့်ပြီး စနစ်တကျ ကားပေါ်အမှိုက်များ၊ စားကြွင်းစားကျန်များ တင်ပေးကြသလို အချို့ကျတော့လည်း ဝန်ထမ်းများဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် အိမ်မှာမရှိတဲ့အခါ နီးစပ်ရာစုပေါင်းအမှိုက်ပစ်တဲ့ နေရာမှာ အမှိုက်နဲ့ စားကြွင်းစားကျန်တွေကို စုပုံထားကြရတယ်"ဟု စည်ပင်မှ အမှိုက်သိမ်းကားယာဉ်မောင်း တစ်ဦးက ပြောပြသည်။

နေပြည်တော်ရှိ ရပ်ကွက်များသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းကားများကို တစ်ရပ်ကွက်လျှင် အမှိုက်သိမ်းကား တစ်စီးနှုန်းဖြင့် နေ့စဉ် ပုံမှန်လာရောက်ကာ ရက်ခြား နံနက်/ည တစ်လှည့်စီနှင့် ရပ်ကွက်အားလုံး စနစ်တကျ အမှိုက်နှင့်စားကြွင်းစားကျန်များ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ရပ်ကွက်ထဲမှာ ခွေးတွေက အုပ်စုဖွဲ့သောင်းကျန်းနေပြီး ခွေးအုပ်တစ်အုပ်ကို အကောင် ၂၀ လောက်ရှိတယ်။ အဲဒီခွေးအုပ်စုကို ရပ်ကွက်နေကလေး၊ လူကြီးအားလုံးက ကြောက်နေတာ။ တစ်နှစ်ထက်တစ်နှစ် ခွေးကောင်ရေကတိုးလာတယ်။ စိတ်အနှောင့်အယှက်ဖြစ်ရတယ်"ဟု ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

ယင်းကပင် "ရပ်ကွက်ထဲမှာ အမှိုက်ကို စနစ်တကျစုပုံကြပေမယ့် အဲဒီခွေးတွေက အမှိုက်ထုပ်နဲ့ စားကြွင်းစားကျန်တွေကို ဆွဲမိဆွဲရာ ဆွဲယူသွားတော့ လမ်းပေါ်မှာရော ရပ်ကွက်ထဲမှာပါ ပြန့်ကျဲနေတာ မြင်လို့မကောင်းဘူး။ အမှန်တော့ အမှိုက်တွေ စားကြွင်းစားကျန်တွေ လမ်းပေါ်မှာ မြင်နေရတာ ရပ်ကွက်နေပြည်သူများကြောင့်မဟုတ်ပါဘူး"ဟု ပြောပြသည်။

ခွေးအုပ်စုက အမှိုက်ပုံမှ စားကြွင်းစားကျန်အမှိုက်ထုပ်များကို တစ်ကောင်နှင့်တစ်ကောင် အစာလုရင်းကိုက်ရင်းဖြင့် လမ်းဘေးဝဲယာတွင် မြင်လို့မကောင်း၊ မြို့တော်အင်္ဂါရပ်နှင့်လည်းမညီ၊ အမှိုက်များ စားကြွင်းစားကျန်များ ရှုပ်ပွပြန့်ကျဲနေသည်။

တစ်နေ့တခြား တိုးပွားလာသော ခွေးများသည် ရပ်ကွက်တိုင်းတွင် ရှိသလို၊ ရွှေ့ပြောင်းအလုပ်သမားများနေထိုင်ရာများ၌လည်း ရှိနေသဖြင့် ခွေးအုပ်စုများကို ရှင်းလင်းပေးပါရန်နှင့် နေပြည်တော်လမ်းဘေးဝဲယာ သန့်ရှင်းသပ်ရပ်သာယာလှပမှု၊ စည်းကမ်းရှိမှုတို့နှင့်အတူ ကျန်းမာရေးနှင့်ညီညွတ်စေရန် စားကြွင်းစားကျန်များနှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြပါရန်၊ တစ်ဦးချင်းတစ်ယောက်ချင်းမှစ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

မောင်မောင်သန်း(ကော့မှူး)

ဒိုက်ဦး-စစ်တောင်းလမ်းဆုံ စစ်ဆေးရေးဂိတ်မှ ပိုင်ရှင်မဲ့ လစ်ပိုနှင့် ပဲနို့ပုလင်းများဖမ်းမိ

ပဲခူး ဩဂုတ် ၁၈

ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသည့် ခရီးသည်တင်ဟိုင်း လတ်ကားနှစ်စီးပေါ်မှ ပိုင်ရှင်မဲ့ လစ်ပိုပုလင်းဖာများနှင့် ပဲနို့ပုလင်းဖာများကို ဩဂုတ် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီးအရှေ့ ဝေါမြို့နယ်အတွင်းရှိ ဒိုက်ဦး-စစ်တောင်းလမ်းဆုံရှိ စားသုံးသူကာကွယ်ရေးနှင့် ကုန်သွယ်မှုထိန်းချုပ်ရေး ဂိတ်စစ်ဆေးရေးအဖွဲ့မှ ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည်။

ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ မောင်းနှင်လာသော ခရီးသည်တင်ဟိုင်းလတ်အမျိုးအစား ယာဉ်မောင်း ပိုင်စိုးကျော် မောင်းနှင်လာသည့် န/. . . . ကားခေါင်မိုး ဝက်ခြံနှင့် ကားခေါင်းခန်းအတွင်းမှ လစ်ပိုပုလင်း ၇၃ ဖာ၊ ယာဉ်မောင်း ဦးနေလင်း မောင်းနှင်လာသည့် ဒ/. . . . ကားမှ ပဲနို့ ၂၆ ဖာတို့ကို တွေ့ရှိ၍ စစ်ဆေးရာ ကားပေါ်၌ ပစ္စည်းပိုင်ရှင်ပါမလာသဖြင့် ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည်။

သိမ်းဆည်း

ဖမ်းဆီးရမိသည့် ပစ္စည်းများကို ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဦးသန်းဝင်း၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ဇော်ခန့်၊အကောက်ခွန်ဦးစီးအရာရှိ ဦးဆန်းညွှန့်ဦး၊ ကုန်သည်ကြီးများအသင်းမှ ဦးအောင်မြင့်တို့က သတင်းမီဒီယာရှေ့မှောက်တွင် ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့သည်။ **(၁၁၀)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခိုးမှုဖြင့် ထွက်ပြေးတိမ်းရှောင်လာသူ ကျောက်တန်းတွင်ဖမ်းမိ

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ် ၁၂ ရက်တွင် ကျောက်တန်းမြို့မရဲစခန်းသို့ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့မရဲစခန်းက စုံစမ်းရှာဖွေနေသော အောင်အောင်(၁၄)ရပ်ကွက် ပုသိမ်မြို့နေသူမှာ ကျောက်တန်းမြို့သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းရရှိသဖြင့် စုံစမ်းဖမ်းဆီးပေးပါရန် အကူအညီတောင်းခံခဲ့သည်။

သတင်းအရ ဩဂုတ် ၁၃ ရက်တွင် ကန်ကြီးထောင့်နှင့် ကျောက်တန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မွန်းလွဲ ၁၂ နာရီခွဲ၌ အောင်အောင်နှင့် ဇနီးတို့ ပုန်းခိုနေထိုင်သည့် အငူကျေးရွာရှိ နေအိမ်သို့ ဝင်ရောက်ဖမ်းဆီးခဲ့သည်။

အဆိုပါနေအိမ်တွင် အောင်အောင်နှင့် ဇနီးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ အမှုမှသက်သေခံငွေများ၊ ရွှေထည်ပစ္စည်းများ၊ အဝတ်အထည်များ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၇၉၃၈၀၀ ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

စိုးဝင်း-SP

အချိန်မတော် လက်နက်ကိုင်ဆောင် မူးယစ်နေသူများကို ဖမ်းဆီး

ဖန်းမော် ဩဂုတ် ၁၈

ဩဂုတ် ၁၅ ရက် ည ၉ နာရီ ခွဲက ဗန်းမော်မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖြိုးသူရအောင်၊ တပ်ကြပ်ကျော်လှိုင်မြင့်၊ တပ်သားကျော်နိုင်မျိုးနှင့် သုစန်းဝင်းတို့သည် နှစ်မိုင်အောင်သာရပ်ကွက်တွင် လူငါးဦးခန့် အရက်သေစာသောက်စားမူးယစ်ကာ လက်နက်များကိုင်ဆောင်ပြီး ဆိုင်ကယ်သုံးစီးဖြင့် သွားလာနေကြောင်း သတင်းရရှိသဖြင့် သာစည်ရပ်ကွက်အုပ်စုမှူး ဦးတောင်ဝါနှင့်အတူ လိုက်လံရှာဖွေခဲ့သည်။

ည ၁၂ နာရီခွဲတွင် သာစည်ရပ်ကွက် ခြောက်လကုန်းလမ်းထိပ်တွင် ရပ်တန့်နေသည့် ၎င်းတို့အုပ်စုကို တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ စစ်ဆေးရှာဖွေခဲ့ရာ အရိုးအသွား ၂၄ လက်မခန့်ရှိ ဓားဦးချွန်ဓားရှည် တစ်ချောင်း၊ အရိုးအသွား ၂၆ လက်မခန့်ရှိ ဓားဦးချွန်ဓားရှည်တစ်ချောင်း၊ အရိုးအသွား ၃၆ လက်မခန့်ရှိ ဓားဦးချွန်ဓားရှည် တစ်ချောင်း၊ အရှည် ၁၁ လက်မခန့်ရှိ သံပိုက်လုံးတစ်ချောင်း၊ အရိုးအသွား နှစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်စတီးခေါက်ဓား တစ်ချောင်း တွေ့ရှိရသဖြင့် လက်နက်များကိုင်ဆောင်သွားလာနေသည့် အောင်ဇော်မျိုး(၂၀နှစ်)၊ ဘွန်နိုန်ခေါင်း(၂၀နှစ်) ထွန်းထွန်းနိုင်(ခ)အွမ်မန်း(၂၃နှစ်)၊ သီဟဆွေ(ခ)အလီ (၂၄နှစ်)၊ ကျော်စိုးပိုင်(ခ)အင်မရောင်း(၂၃နှစ်)တို့ကို ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းတံတားသား

နိုင်ငံတကာအားကစားသတင်း

ရာသီအဖွင့်မှာ မန်ယူတို့လှပမှုတွေဝေဆာခဲ့

မိုးမြင့်လင်းလက်

ဒီနှစ်ပရီမီယာလိဂ်ကန့်လန့်ကာကို မန်ယူတို့က ခပ်ကြမ်းကြမ်းဆွဲဖွင့်လိုက်ပြီဖြစ်ပါတယ်။ နည်းပြမိုယက်စ်အနေနဲ့ အဝေးကွင်းမှာ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ စိုးရိမ်ပူပန်မှုတွေဖြစ်နေတဲ့ ပရိသတ်တွေကို အကောင်းဆုံးရလဒ်ယူဆောင်ပေးနိုင်ခဲ့ပါတယ်။ အဖွင့်ပွဲစဉ်မှာ လီဗာပူးတို့ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် အာဆင်နယ်တို့ အိမ်ကွင်းမှာ ဂိုးပြတ်အရှုံးနဲ့ ရာသီကိုစတင်ခဲ့ရပြီဖြစ်ပါတယ်။

ဆွမ်ဆီးနှင့် မန်ယူ

မန်ယူကို ၄-၄-၂ အခင်းအကျင်းနဲ့ ပွဲထွက်စေခဲ့တဲ့ မိုယက်စ်ဟာ တိုက်စစ်မှာ ဗန်ပါစီ၊ ဝဲလ်ဘတ်အတွဲကို ထုတ်သုံးခဲ့ပါတယ်။ ဆွမ်ဆီးတို့က အိမ်ကွင်းပရိသတ်အားနဲ့ မန်ယူကို ခံကစားခဲ့ပေမယ့် ပွဲချိန် ၃၄ မိနစ်မှာ ဗန်ပါစီက အဖွင့်ဂိုး စတင်သွင်းယူနိုင်ခဲ့ပါတယ်။ အဖွင့်ဂိုးပေးလိုက်ရတဲ့အတွက် ဆွမ်ဆီးတို့ စိုးရိမ်စိတ်ဖြစ်စေခဲ့ပြီး ပွဲချိန် ၃၆ မိနစ်မှာ ဝဲလ်ဘတ်က တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပထမပိုင်း ပွဲချိန်အပြီးမှာ မန်ယူက နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ ဂစ်အစားရှန်းနေကိုထည့်သွင်းပြီး တိုက်စစ်မြှင့်တင်ခဲ့တာမို့ ၇၂ မိနစ်မှာ ဗန်ပါစီက တစ်ဂိုးထပ်မံ သွင်းယူခဲ့ပြန်ပါတယ်။ ဆွမ်ဆီးအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၈၂ မိနစ်မှာ ဘိုနီက သွင်းယူခဲ့တာဖြစ်ပေမယ့် ပွဲချိန် မိနစ် ၉၀ မှာ ဝဲလ်ဘတ်က တစ်ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ မန်ယူက လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူဟာ ၅၅ နှစ်အတွင်း ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ တိုက်စစ်မှူးနှစ်ဦးက နှစ်ဂိုးစီ ပထမဆုံး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်နှင့် ဗီလာ

အိမ်ကွင်းမှာ အဖွင့်ပွဲစဉ်ကစားရပေမယ့် ဆိုးရွားတဲ့ရလဒ်ကြောင့် အာစင်ဝင်းဂါး ဖိအားတွေဝင်ခဲ့ရပြီ ဖြစ်ပါတယ်။ ပွဲအစ ၆ မိနစ်မှာ ဂီရော့ဒ်ရဲ့ သွင်းဂိုးနဲ့ဦးဆောင်နိုင်ခဲ့ပေမယ့် ပွဲချိန် ၂၃ မိနစ်မှာ ဘန်တီကီက ချေပဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန် ၆၂ မိနစ်မှာ ပယ်နယ်တီရရှိပြီး ဘန်တီကီကပဲ ကန်သွင်းယူခဲ့တာမို့ ဗီလာတို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ ပွဲချိန် ၈၅ မိနစ်မှာ လူနာက တစ်ဂိုးထပ်သွင်းခဲ့လို့ ပွဲအပြီးမှာ အာဆင်နယ်တို့ တစ်ဂိုး-သုံးဂိုးနဲ့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ပွဲအပြီးမှာ နည်းပြအာစင်ဝင်းဂါးကို ပရိသတ်တွေက ဝေဖန်ပြစ်တင်ခဲ့ကြပါတယ်။

အခြားပွဲရလဒ်တွေမှာတော့ နော့ဝှစ်နဲ့ အဲဗာတန်တို့ နှစ်ဂိုးစီ သရေပွဲဖြစ်ပြီး ဆန်းဒါးလန်းနဲ့ ဖူလ်ဟမ်ပွဲမှာ ဖူလ်ဟမ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ပါတယ်။ ဝက်စ်ဟမ်းနဲ့ ကာဒစ်တို့ပွဲမှာ ဝက်စ်ဟမ်းက နှစ်ဂိုးပြတ် အနိုင်ရပြီး ဝက်စ်ဘရွန်းနဲ့ ဆောက်သမ်တန်တို့ပွဲမှာ ဆောက်သမ်တန်က တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိခဲ့ပါတယ်။ ။

ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

* ချယ်လ်ဆီးက အသက် ၂၆ နှစ်အရွယ်ရှိ ပေါ်တိုတိုက်စစ်မှူး မာတီနက်စ်ကို ခေါ်ယူရန်စီစဉ်နေသည်။
* အဲဗာတန်က ရောင်းချရန် ငြင်းဆိုထားသော်လည်း မန်ယူနည်းပြဒေးဗစ်မိုယက်စ်က ဖယ်လိုင်နီကို ခေါ်ယူနိုင်ရေး ကြိုးစားနေဆဲဖြစ်သည်။
* ကျူပီအာအသင်းသည် အသက် ၃၀အရွယ်ရှိ စပါးတိုက်စစ်မှူး ဒီဖိုးကို ခေါ်ယူရန်ကမ်းလှမ်းထားသည်။
* ကာဒစ်အသင်းသည် ဘောလုံးသမားအပြောင်းအရွှေ့မကုန်မီ ဘောလုံးသမားအသစ်နှစ်ဦးကို ခေါ်ယူမည်ဟု နည်းပြ မက်ဟောက ပြောကြားသည်။
* ရိုးမားအသင်းမှ အသက် ၂၇ နှစ်အရွယ် အိုစဗာနိုက စပါးအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။
* အက်သလက်တီကိုမှ မိုနာကိုအသင်းသို့ ပြောင်းရွှေ့သွားသော တိုက်စစ်မှူးဖယ်ကာအိုအတွက် ချယ်လ်ဆီးက လာမည့်ဘောလုံးရာသီ၌ ခေါ်ယူရန် ကြိုးစားမည်ဟု ပြောကြားသည်။
* နော့ဝှစ်မှ ကွင်းလယ်ကစားသမား စနိုဂရက်ကို စတော့တလန်အသင်းမှ ပြန်လည်ခေါ်ယူကာ အင်္ဂလန်နှင့်ပွဲ၌ ထည့်သွင်းကစားစေမည်ဖြစ်သည်။
* မန်စီးတီးတောင်ပံကစားသမား နာဗက်က အသင်းမှ ထွက်ခွာရန် ကြိုးစားလျက်ရှိသည်။
* စပါးနည်းပြဘိုအက်စ်သည် ယခုနှစ်ဘောလုံးရာသီအတွင်း ထုတ်ပယ်ခံရနိုင်ဖွယ်ရှိကြောင်း အင်္ဂလန်အားကစားမီဒီယာများက ဖော်ပြသည်။
* ဘာစီလိုနာကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က အသင်းပြောင်းရွှေ့လိုသော ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
* ဂျာမန်ဘွန်ဒက်စ်လီဂါသည် ထူးခြားသော ယှဉ်ပြိုင်မှုများနှင့် ပြည့်နှက်နေကြောင်း၊ မိမိသည် စိန်ခေါ်မှုအများအပြားနှင့် ကြုံတွေ့နေရကြောင်း ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာက ပြောကြားသည်။

ဆီရီနာဝီလျံ အကြိုဗိုလ်လုပွဲတက်ပြီ

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံသည် စင်စင်နာတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရိုမေးရီးယားတင်းနစ်မယ် စရီမိုနာဟာလက်ကို ၆-၀၊ ၆-၄ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ဆီရီနာဝီလျံသည် တစ်ဦးချင်းပြိုင်ပွဲတွင် ဂရင်းဆလမ်ဖလား ၁၆ လုံးအပါအဝင် ဖလား ၅၄ လုံးအထိ ဆွတ်ခူးထားသူဖြစ်သည်။ သူမသည် အကြိုဗိုလ်လုပွဲတွင် တရုတ်တင်းနစ်မယ် လီနာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လီနာသည် စင်စင်နာတီ တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သည်။

ဂျမေကာအပြေးမယ် ဒုတိယမြောက် ရွှေတံဆိပ်ရ

ဗြိတိသျှအပြေးချန်ပီယံ မိုးဖာရားနှင့် ဂျမေကာ တာတိုအပြေးဘုရင်မ ရှယ်လီအန်းဖရေဆာပရိုင်ဆေးတို့သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဒုတိယမြောက် ရွှေတံဆိပ်တစ်ဆုစီ ထပ်မံဆွတ်ခူးရရှိခဲ့သည်။ ဂျမေကာအပြေးမယ် ပရိုင်ဆေးသည် အမျိုးသမီး မီတာ ၂၀၀ ပြေးပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိသွားခဲ့သည်။ ရုရှားနာမည်ကြီး တုတ်ထောက်ခုန်ပြေးခုန်ပစ်မယ် ရလက်နာအစ်စင်ဘာရေးနားက အမျိုးသမီးတုတ်ထောက်ခုန်တွင် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

စင်စင်နာတီတင်းနစ် ရာဖေးလ်နာဒယ် ဗိုလ်စွဲနိုင်

စင်စင်နာတီအိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး ဂျိုကိုဗစ်နှင့် အင်ဒီမာရေးတို့ အသီးသီးသော ပြိုင်ဘက်များကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်သည် အမေရိကန် တင်းနစ်ကစားသမား ဂျွန်အစ္စနားကို ၇-၆(၅)၊ ၃-၆၊ ၇-၅ ဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ယူအက်စ်အိုးပင်းချန်ပီယံ အင်ဒီမာရေးသည် သောမတ်စ်ဘာဒိုက်ချ်ကို ၆-၄၊ ၆- ၃ ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ သို့သော် ကမ္ဘာ့နံပါတ် ၃ အဆင့်ရှိ ရာဖေးလ်နာဒယ်သည် ပြိုင်ဘက်ဟောင်း ရော်ဂျာဖက်ဒဲယားကို ၅-၇၊ ၆-၄၊ ၆-၃ ဖြင့် နိုင်ပြီးနောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ရော်ဂျာဖက်ဒဲယားသည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုး၌ ကျင်းပသော စင်စင်နာတီ ဖလားပြိုင်ပွဲတွင် ဖလားငါးကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

အာဆီယံ ယူ(၁၆) ဘောလုံးပြိုင်ပွဲ နေပြည်တော်တွင်ကျင်းပမည်

နေပြည်တော် သြဂုတ် ၁၈

အာဆီယံ အသက် (၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ (AFF U-16)Championship- 2013)ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းတွင် သြဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နေ့စဉ်တစ်နေ့နှစ်ပွဲ ကျင်းပမည်ဖြစ်ရာ အသင်း ၁၀ သင်းပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

ယင်း ၁၀ သင်းကို အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အုပ်စု(က)တွင် မြန်မာ၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ သြစတြေးလျနှင့် အုပ်စု(ခ)တွင် စင်ကာပူ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်တို့ ပါဝင်သည်။

အုပ်စုပွဲစဉ်များကို သြဂုတ် ၂၀ ရက်မှ ၂၉ ရက်ထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး သြဂုတ် ၃၁ရက်တွင် ဆီမီးဖိုင်နယ်နှစ်ပွဲနှင့် စက်တင်ဘာ ၂ ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းအောင်(၁၀၇)

မြန်မာယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

သြဂုတ် ၂၀ ရက်
မြန်မာ-ဗီယက်နမ်
သြဂုတ် ၂၂ ရက်
မြန်မာ-သြစတြေးလျ
သြဂုတ် ၂၆ ရက်
မြန်မာ-ဘရူနိုင်း
သြဂုတ် ၂၈ ရက်
မြန်မာ-ကမ္ဘောဒီးယား

နိုင်ငံတကာ အနုပညာ

ရွှယ်လူး-ရေးသည်

ဂျင်နီဖာလောရင့်က တစ်နေ့အောင်မြင်မည်ကို တစ်ထစ်ချသိဟုဆို

အသက် ၂၂ နှစ်အရွယ်တွင် အော်စကာဆု ဆွတ်ခူးထားနိုင်သူ အောင်မြင်မှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခဲ့သော မင်းသမီး ဂျနီဖာလောရင့်က တစ်နေ့အောင်မြင်သော ပရိသတ်အသည်းစွဲမင်းသမီး ဖြစ်လာမည်ဆိုသည်ကို အမြဲသိနေခဲ့ကြောင်း ပြောခဲ့သည်။

ကိုယ့်ဆန္ဒ ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာကို အမြဲလိုသိမြင်ခဲ့ကြောင်း၊ စိတ်ကူးယဉ်ဆန္ဒတွေ များစွာမှာ အောင်မြင်ကျော်ကြားမှု ဘဝရောက်ရေးကို အမြဲစိတ်ဆန္ဒရှိခဲ့ခြင်းဖြစ်ကြောင်း မင်းသမီးဂျင်နီဖာလောရင့်က ဆိုသည်။

"ဒီအကြောင်း အရင်က ဘယ်တော့မှမပြောခဲ့ဖူးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အထင်အမြင်လွဲသံသယတွေ မရှိဘဲနဲ့ ပြောလို့ရမှာမျိုးမဟုတ်လို့ပဲ။ ဒါပေမယ့် ကိုယ်ဘာဖြစ်ချင်သလဲဆိုတာကို ဟိုင်ယ်စဉ်တောင်ကျေးကလေး အရွယ်ကတည်းက ကောင်းကောင်းကြီး တွေးထားပြီးသားပါ"ဟူ၍ လောရင့်က ဖွင့်ဟသည်။

ထို့ပြင်"ကျွန်မကမိခင်တစ်ယောက်ဖြစ်လာမယ်၊ ပြီးတော့ ဆရာဝန်တစ်ယောက်ဖြစ်မယ်။ ကန်တက်ကီမှာ နောက်အဲလိုဖြစ်ချင်တဲ့ဆန္ဒကို ငယ်ငယ်လေးကတည်းက စဉ်းစားတွေးဖူးခဲ့တယ်။ ဒါပေမယ့် နောက်ဆုံး တစ်ထစ်ချ အသိစိတ်မှာရှိတာက အောင်မြင်ကျော်ကြားသူ ဖြစ်လာမယ်ဆိုတာကိုပါ"ဟူ၍ Silver Linnings Play book ရုပ်ရှင်ကားဖြင့် အော်စကာဆု ပိုင်ဆိုင်ထားသူမင်းသမီး ဂျင်နီဖာလောရင့်က ပြောကြားသွားခဲ့သည်။

တရုတ်နိုင်ငံသို့ သွားရောက်သူအများသိရှိစေရန်

ကျွန်တော်များ တရုတ်နိုင်ငံ၌ (၁၅)နှစ်ကြာခဲ့ပါပြီ။ ဌာနဆိုင်ရာအားလုံးကိုလည်း ကျွမ်းကျင်ပါသည်။ ထို့ကြောင့် လူကြီးမင်း CHINA (Kumming) ကူမင်း၌ စီးပွားရေး (သို့မဟုတ်) အလည်ဖြင့် ရောက်ရှိလာလျှင် ဆက်သွယ်ပါ။ ကျွန်တော် လူကြီးမင်းတို့အတွက် အကောင်းဆုံးနှင့် အသက်သာဆုံးဖြစ်သော (၁) စီးပွားရေး၊ (၂) အလည်အပတ်၊ (၃) ဗီဇာ၊ (၄) လက်မှတ်၊ (၅) ကျောက်ပြပွဲများ အကျိုးဆောင်ပေးပါမည်။ ကျွန်တော်၏ ဖုန်းနံပါတ်နှင့် လိပ်စာ ယူထားကြပါရန်။

Moe Zaw
0086-0871-63646229
The hump Coffee Bar
ကူမင်း၊ ကျင်းမာပီကျီးဖန်

RUBY
519100
09-51-77212, 535100

ကျေးဇူးဆပ်ပါမည်

ကျွန်တော် THEIN ZAW OO ၏ နိုင်ငံကူးလက်မှတ် M-758833 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပါရန်။

လှထွန်း ဖုန်း-၀၉-၇၃၀၉၀၆၄၄

ပါဠိတော်ကွင်းနှင့်ဝင်း(ဆေးဝဉာ)

လေဖြတ်မှာကြောက်တယ်

(လေဖြတ်ရောဂါအကြောင်း)

ထွက်ပြီ

ဥတုရာသီ တောကိုမှီ

အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးမောင်မောင်မြတ် ၁၂/ကမရ(နိုင်)၀၂၄၉၈၆ က ဦးအေးခန့်မောင် ၁၂/ပဘတ(နိုင်)၀၂၃၇၃၃ အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၉-၄-၂၀၁၃ ရက်က ကိုယ်စားလှယ်လွှဲစာအမှတ် (၆၀၅၇) ဖြင့် လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာအား ယနေ့ ၁၈-၈-၂၀၁၃ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းအပ်ပါသည်။

FOREVER
SPORTS JOURNAL

သတင်းဆောင်းပါးနှင့်ကြော်ငြာ

တောင်တွင်းကြီးမြို့ ကျက်သရေဆောင် ရတနာပွင့်လှ ကန်တော်ကြီး

ကိုတင်လှိုင်(မိတ္ထီလာ)

တောင်တွင်းရွှေပြည်မြို့တော်မှာ အင်းဝခေတ်က စာပေအကျော် အမော်ရဟန်းပညာရှိကြီးများ ထွက်ပေါ်ခဲ့သောမြို့ဖြစ်သည်။ တောင်တွင်းကြီးမှာပေလေးပင်၊ရှင်လေးပါး ဖြစ်သော“ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်ခေမာ”စသော ရဟန်းပညာရှိလေးပါး ထွက်ပေါ်လာခဲ့သော မြို့ဖြစ်သည်။ ထို့ပြင်တစ်ဝပေတစ်ပင်ရှင်တစ်ပါး ဖြစ်သော ခင်ကြီးဖျော်ဆရာတော်၊ မတစ်လုံးကျေဆရာတော်၊ အတုလဆရာတော်နှင့် ကျမ်းပြုအဘိမ္မောပညာရှင်ရှင်ဥက္ကဋ္ဌတို့မွေးဖွားသန့်စင်ရာမြို့ဖြစ်သည်။ တောင်တွင်းကြီးမြို့သည် ရတနာခုနစ်ထွေ တောင်တွင်းမြေဖြစ်သည်။တောင်တွင်းကြီးမြို့ကို ရတနာပင်စည်၊ ရတနာပွင့်လှကန်၊ရတနာဒေဝီ၊ ရတနာပြောင်မွန်၊ ရတနာတင်းတိမ်၊ ရတနာပေါင်းချုပ်နှင့် ရတနာဗိမာန်ဟူသော ရတနာခုနစ်ပါးဖြင့် ဝိုင်းရံထားသောမြို့ဖြစ်သည်။ ထိုရတနာခုနစ်ပါးထဲတွင် သမိုင်းဝင်ရတနာပွင့်လှကန်တော်ကြီးလည်း ပါဝင်သည်။

သမိုင်းဝင် ရတနာပွင့်လှကန်တော်ကြီးမှာတောင်တွင်းကြီးမြို့ အရှေ့ဘက်ရှိမြို့၏ကျက်သရေဆောင်ရှေးဟောင်းသမိုင်းဝင် ကန်တော်ကြီးဖြစ်သည်။ တောင်တွင်းကြီးမြို့၏စိမ်းလန်းစိုပြည်ရေး၊ သုံးရေရရှိရေးအတွက် သာမက စိုက်ပျိုးရေရရှိရေးအတွက်ပါ အကျိုးပြုနေသော သမိုင်းဝင်ကန်တော်ကြီး ဖြစ်သည်။

သမိုင်းဝင် ရတနာပွင့်လှကန်တော်ကြီးမှာ နှစ်ပေါင်းရာချီ ကြာလာပြီဖြစ်၍ ကန်အတွင်း နုန်းထုအဆမတန် တက်လာပြီး ကန်ကြီးကောလာကာ ရေသိုလှောင်နိုင်သည့် ပမာဏ သိသိသာသာကျဆင်းလာသည်။ ထို့အပြင် ကန်ပေါင်ရိုးများမှာလည်း ကျိုးပဲ့ကာ အကျည်းတန်အရုပ်ဆိုး၍ မတင့်တယ်တော့ပေ။ ကန်ကောလာ၍ ရေဝင်နည်းပြီး ကန်၏အလှအပမှာ အဆင်းမလှဖြစ်လာသည်။ ဤကဲ့သို့ တောင်တွင်းကြီးမြို့၏ သမိုင်းဝင်ကန်တော်ကြီး ရေဝင်နည်းပြီး လှပတင့်တယ်မှုမရှိသည်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဆည်မြောင်း ဦးစီးဌာန၊ တည်ဆောက်ရေး(၃)က ပြန်လည်တူးဖော်ပြုပြင်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ သမိုင်းဝင် ရတနာပွင့်လှ ကန်ကြီး ပြန်လည်ပြုပြင်မွမ်းမံ တူးဖော်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းဦးစီးဌာန၊ ထိန်းသိမ်းရေး၊ စက်မှုတိုင်းဒေသကြီးရုံး၊



ရေများဖြင့် လှပတင့်တယ်လှသည့် ရတနာပွင့်လှ ကန်တော်ကြီး။

ရေအားလျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပါဝင်ပူးပေါင်းကာ လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်တူးဖော်ခဲ့သည်။

ရတနာပွင့်လှ ကန်တော်ကြီး ပြုပြင်ရန်အတွက် တိုင်းတာရေးလုပ်ငန်းများကို ပထမဆုံး ကွင်းဆင်းတိုင်းတာ တွက်ချက်ရာ ကန်အတွင်းနုန်းတက်နေသော ကွန်တိုအမြင့်မှာ R-L ၄၅၅ ပေ၊ ၄၅၆ ပေမှ R-L ၄၆၀ ပေ အထိ ဖြစ်သည်။ ၎င်းနုန်းထုကို R-L ၄၅၀ ပေ အနက် ရောက်အောင် စုစုပေါင်း ကျင်း ၂၀၀၀၀၀ ခန့်တူးဖော်ရန်ဖြစ်သည်။ ကန်တော်ကြီး ပြန်လည်ပြုပြင်တူးဖော်ရာတွင် စက်ယန္တရား အမျိုးပေါင်း ၃၀ ဖြင့် နေ့မအား ညမနားတူးဖော်ခဲ့သည်။ ဤကဲ့သို့ သမိုင်းဝင်ကန်တော်ကြီး တူးဖော်ရာတွင် စက်မှုမြို့ပြ ဝန်ထမ်းအင်အား ၇၀ ကျော်တို့ကလည်း အပိုင်းသုံးပိုင်းခွဲပြီး နံနက် ၆ နာရီမှ နောက်တစ်နေ့နံနက် ၂ နာရီ အထိ စက်ယန္တရားများဖြင့် တူးဖော်လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။ ကန်တော်ကြီး သာယာလှပရေးအတွက် လူအင်အား၊ စက်ယန္တရားများဖြင့် နေ့မအား ညမနားဆောင်ရွက်နေကြသည့် လုပ်သားကြီးများကို မြို့ပေါ်မှ စေတနာရှင်၊ ကုသိုလ်ရှင်များကရေသန့်၊ အချိုရည်၊ စားသောက်ဖွယ်ရာများ နေ့စဉ်လာရောက် လှူဒါန်းကြသည်ကို ဝမ်းသာကြည်နူးဖွယ် တွေ့ရသည်။

ရတနာပွင့်လှ ကန်တော်ကြီး ပြန်လည်ပြုပြင်ဆည်ဖို့ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် မေလ ၁ ရက်နေ့က စတင်လုပ်ဆောင်ခဲ့သည်။

ယခုနှစ်မိုးမကျမီ ဇွန်လအတွင်း တောင်တွင်းကြီးမြို့၏ ကျက်သရေဆောင် သမိုင်းဝင် ရတနာပွင့်လှ ကန်တော်ကြီးကို သဲနုန်းတူးဖော်ခြင်း ကျင်းပေါင်း ၁၁၀၀၀၀၊ ကျောက်ကြီးအစီစီခြင်း ကျင်း ၁၀၀၀ နှင့် ကျောက်ကြီးအခြောက်စီခြင်း ကျင်း ၂၅၀၀ ဆောင်ရွက်ပြီးစီးခဲ့သည်။ ကန်ကြီးအတွင်း မြေသားအနက် ငါးပေ တူးဖော်ခဲ့သဖြင့် ကန်တော်ကြီးမှာ ရေများဝင်ပြီး ကန်သဘာဝအလှဖြင့် ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံလာပြီ ဖြစ်သည်။ ကန်ပေါင်လမ်းတစ်လျှောက်တွင်လည်း နံနက်နှင့်ညနေခင်းများတွင် ကျန်းမာရေးအတွက် လမ်းလျှောက်သူများဖြင့် စည်ကားနေသည်။ ယခင်က ရေဝင်နည်းပြီး ကောနေသည့် ကန်တော်ကြီးမှာ ရေများဖြင့် စိမ်းလန်းစိုပြည် လှပတင့်တယ်နေသည်ကို တွေ့မြင်ကြရသဖြင့် တောင်တွင်းကြီးမြို့သူမြို့သားများ ဝမ်းသာပျော်ရွှင်ကျေနပ်နေကြသည်။ မြို့သူမြို့သားများနည်းတူ ကန်ရေရရှိနေသဖြင့် တောင်သူလယ်သမားများကလည်း ကန်ရေဖြင့် စပါးဧက ၁၃၀၀ ကျော် စိုက်ပျိုးရတော့မည်ဖြစ်၍ဝမ်းသာပီတိဖြစ်နေကြပေသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ
ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း
၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်
သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း(အမှတ်-၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်)၌ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်ပါသည်။

၂။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် အပိုဒ်-၁ ပါလိပ်စာတွင် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၃၀၀၀နှင့်လျှောက်လွှာကြေးကျပ် ၁၀၀ စုစုပေါင်းကျပ် ၃၁၀၀ ပေးသွင်း၍ ပြဋ္ဌာန်းထားသည့် လျှောက်လွှာပုံစံနှင့်အတူ အောက်ပါတို့ကို ပူးတွဲလျက် ၂၀၁၃ စက်တင်ဘာလ ၂ ရက်မှ ၂၀ ရက် ရုံးချိန် နံနက် ၁၀း၀၀နာရီမှ ညနေ ၃ နာရီအတွင်း ကိုယ်တိုင်လာရောက်၍ လျှောက်လွှာတင်သွင်းရမည်။

(က) ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)

(ခ) ၁"×၁"အရွယ် လိုင်စင်ဓာတ်ပုံ(၃)ပုံ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)

၄။ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာရှင်များကို သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀-၁၀-၂၀၁၃ ရက်တွင်ကျင်းပ၍ သင်တန်းတက်ခွင့်ရသူများစာရင်းကို ၂-၁၂-၂၀၁၃ရက်မတိုင်မီ ထုတ်ပြန်ကြေညာပါမည်။

အတွင်းရေးမှူး
မြန်မာနိုင်ငံစာရင်းကောင်စီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့ (၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း/ မြောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တံတားလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံး(ရှယ်စုံ)အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း

တင်ဒါပိတ်မည့်ရက် - ၁-၉-၂၀၁၃ ရက်

တင်ဒါဖွင့်မည့်ရက် - ၂-၉-၂၀၁၃ ရက်၊ ၁၁း၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ပခုက္ကူမြို့

အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၂-၂၂၈၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ဦးနန်ကျင်းထန်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက (၃)၊ ပဥ္စမတန်းမှ မဂင့်ခေါ်မ်းကျိန်အား မညောင်းခေါ် ရှမ်းလွန်းမန်ဟု ပြောင်းလဲခေါ်ပါရန်။

မညောင်းခေါ်ရှမ်းလွန်းမန်

တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနား၊ သစ်ထုတ်လုပ်ရေး(တောင်)နေ ဦးတင်လှိုင်၏သား ဦးကင်းဆွေ DNU-၀၈၁၀၁၈ နှင့် ဦးတင့်ဆွေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဆပ်ပြာစက်ရုံများရှိ ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုးရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုး

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၉-၂၀၁၃ ရက် ညနေ ၄ နာရီ

ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း	၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်)	၀၆၇-၄၀၈၃၈၁

အမှတ် (၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)ရှိ ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများ

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၇-၉-၂၀၁၃ ရက် ၁၆း၀၀ နာရီ

ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း	၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်)	၀၆၇-၄၀၈၃၈၁

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ (၂)ရုံနှင့် စက်ရုံခွဲ (၁)ရုံအား ပုဂ္ဂလိကသို့ အကျိုးတူငှားရမ်းရန်အတွက်
တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၂)နှင့် စက်ရုံခွဲ (၁)ရုံတို့အား အကျိုးတူငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂလိကပြည်တွင်း ပြည်ပလုပ်ငန်းရှင်များမှ ၁၈-၉-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(၁) အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း)

(၂) အမှတ် (၁၁) အထည်စက်ရုံ (ပခုက္ကူ)

(၃) အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း)

ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ - **ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅**

အိတ်ဖွင့်တင်ဒါ ရောင်းချရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်းဒေသ)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဝမ်ကောင်းမြို့မဈေးအား အဆင့်မြှင့်တင်ဆောက်လုပ်ရန်စီစဉ်ဆောင်ရွက်နေပါသဖြင့် မြို့မဈေးရှိ အဆောက်အအုံများအား ဖျက်သိမ်းဝယ်ယူနိုင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် ဈေးနှုန်းနှင့်တကွ ဆောင်ရွက်မည့် အစီအစဉ်အား ပူးတွဲဖော်ပြ၍ တင်သွင်းပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းအမျိုးအမည်** - လက်ရှိမြို့မဈေးအဆောက်အအုံအားလုံး

(ခ) **လျှောက်လွှာရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၃ ရက် မှ ၂၂-၈-၂၀၁၃ ရက်အထိ

(ဂ) **လျှောက်လွှာပိတ်ရက်နှင့်အချိန်** - ၂၂-၈-၂၀၁၃ ရက် ညနေ ၁၅း၀၀ နာရီ

(ဃ) **တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ

(င) **တင်ဒါရောင်းချမည့်နေရာ** - အောင်မြတ်ခန်းမ၊ တာချီလိတ်မြို့။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ဖုန်း-၀၉-၅၁၀၂၄၈၆၊ ၀၈၄-၅၁၀၃၅၊ ၀၈၄-၅၂၈၃၅

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် (ကိုးလုံးတောင်ကွင်း)၊ သနွှပင်ကျေးရွာ၊ အုပ်စုအမှတ် - ၃၇၊ ကွင်းအမှတ် (၅၂၁ - စီ)၊ ဦးပိုင်အမှတ် - ၆၂ + ၆၄/၂၊ ဧရိယာ (၁.၆၇)ဧကရှိမြေကွက်နှင့် မြေပေါ်ရှိ အမှတ်-၂၀၇၊ သဇင်မြိုင်လမ်း တစ်ထပ်တိုက်နေအိမ်အပါအဝင် အဆိုပါမြေကွက်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများ၊ အရောင်းအဝယ်ပြုလုပ်လွှဲပြောင်းရောင်းချမည့်သူများ နှင့် အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းသည် ကျွန်မ ဒေါ်အေးစန္ဒာမြင့် (၁၂/ဗတထ(နိုင်)၀၀၈၆၇၄)မှ တရားဝင်ပိုင်ဆိုင်လက်ရောက်ရရှိခဲ့သည့်ပစ္စည်းများဖြစ်ပါသည်။ မိမိပိုင်ဆိုင်သည့်အထက်ဖော်ပြပါ မြေနှင့်အိမ်တွင် မိခင်ဖြစ်သူနှင့် အစ်မဒေါ်ဥမ္မာမြင့်တို့မိသားစုအား မေတ္တာဖြင့်အခမဲ့နေခွင့်ပြုခဲ့ပါသည်။ ဒေါ်ဥမ္မာမြင့်နှင့် မောင်ဖြစ်သူ ဦးအောင်မိုးမြင့်တို့သည် ကျန်းမာရေးမကောင်းသူ မိခင်အမည်အားအသုံးပြုလျက် အထက်ဖော်ပြပါမြေကို ခွဲစိပ်လျက် ရောင်းချကြောင်း သိရှိရသဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် (၃၂/၁၂)ဖြင့် တရားစွဲဆိုထားပါသည်။

ကျန်းမာရေးမကောင်းသူ မိခင် ချော်လဲ၍ ခါးရိုးကျိုးသည်ကို ဆေးရုံတင် ကုသပေးမှုမပြုကြောင်း သိရှိသဖြင့် (၁၂-၈-၂၀၁၃)နေ့ရက်တွင် မိခင်အား သွားရောက်ကြည့်ရှုရာ ကိုယ်တစ်ခြမ်းလေဖြတ်နေကြောင်း တွေ့ရှိရပါသည်။ ချက်ချင်းဆေးရုံတင်ကုသမှုပြုရာတွင်လည်း လူပျောက်သည်ဟု သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ မမှန်မကန်သတင်းပို့ တိုင်ကြားပြီး U.H.C ဆေးရုံနှင့်ပူးပေါင်းကာ ကျွန်မ၏ခွင့်ပြုချက်မရဘဲ အတင်းအဓမ္မ ညတွင်းချင်း ခေါ်ထုတ်သွားပြီး အထက်ဖော်ပြပါနေအိမ်ရှိ သန့်ရှင်းမှုမရှိသောအိပ်ခန်းအတွင်း ရက်စက်စွာပစ်ထားသူများဖြစ်ပါသည်။

ထို့ကြောင့် တရားရုံးတော်မှ စစ်ဆေးဆောင်ရွက်နေသည့်အမှုနှင့် စပ်လျဉ်းသောမြေနှင့်အိမ်ကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရန်နှင့် ဝင်ရောက်ကျူးကျော်နေထိုင်သူများဖြစ်သည့် ခြံအမှတ် (၂၀၉/၂၁၂/၂၁၃/၂၁၅) တို့နှင့် ခြံစည်းရိုးကာရံထားသူများအားလုံးတို့သည် ကျွန်မပိုင်မြေကွက်အတွင်းမှ ယနေ့မှစ၍ (၄၅)ရက်အတွင်း ဖယ်ရှားထွက်ခွာပေးရန် အလေးအနက်တောင်းဆိုကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများအပါအဝင် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေးစန္ဒာမြင့် (ပိုင်ရှင်)
အမှတ် - ၈၀၈၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ (A)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၈

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးနှင့်အထက် မြန်မာပြည် အောင်ချက်အကောင်းဆုံး ပထမဆုရပြည်နယ် ပညာရေးညွှန်ကြားရေးမှူးအား လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် ၅၁ ဦးတို့အား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာတို့ကလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် ၆၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၁ ဦးတို့အား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့ကလည်းကောင်း ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရမြို့နယ်များ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းများ၊ ဖြေဆိုသူ ၁၀၀ အောက် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းများ၊ ဂုဏ်ထူးအများဆုံးဆုရ မြစ်ကြီးနား အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ဘာသာရပ်အလိုက် ဂုဏ်ထူးအများဆုံးရအောင် သင်ကြားပေးနိုင်သော ဆရာ/ဆရာမများနှင့် သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲတွင် ပြည်နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမေသင်းထက်က ကျေးဇူးတင်စကားပြောကြားသည်။

မွေးထုတ်ပေးနိုင်

၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကချင်ပြည်နယ်မှ ၂၀၈၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၂၁၄ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့် အထက်မြန်မာပြည် အောင်ချက်အကောင်းဆုံးဆုနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၅၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁၆ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇၅၆ ဦး ထူးချွန်ကျောင်းသားများ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရေကူး (ဝါတာပိုလို) ပူးတွဲလေ့ကျင့်ရန် ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

ဆီးဂိမ်းပြိုင်ပွဲအောင်မြင်မှုရရှိရန်အတွက် ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၄ ရက်အထိ စင်ကာပူနိုင်ငံတွင် ရေကူး(ဝါတာပိုလို)အားကစားနည်းပူးတွဲလေ့ကျင့်ရန် ဝါတာပိုလိုအားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးချိုမောင် ခေါင်းဆောင်၍ နည်းပြဒုတိယအရာခံဗိုလ် သာဇံလှ၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဦးသန်းကျော်ညွှန့်နှင့်အဖွဲ့ စုစုပေါင်း ၁၇ ဦးပါဝင်သည့် ရေကူး(ဝါတာပိုလို)အဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ဥစားထက် အသားတိုးက ပိုပြီးတွက်ခြေကိုက်

သတင်း-ကြံတိုင်းအောင် ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဩဂုတ် ၁၈

ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဥစားကြက်မွေးမြူခြင်းထက် အသားစားကြက်မွေးမြူခြင်းက စီးပွားရေးအရ ပိုပြီးတွက်ခြေကိုက်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက မြန်မာ့အလင်းသို့ပြောကြားသည်။

"အသားတိုးကြက်က ၄၅ ရက်ဆို ရောင်းနိုင်တယ်။ ဥစားကြက်က ငါးလလောက်မှဥစမ်းဥတယ်၊ အသားတိုးမွေးတာက စီးပွားရေးအရ တွက်ခြေကိုက်တယ်၊ ကြက်တစ်ကောင်မွေးရင် ကြက်ဖိုးက တစ်ကောင်ငွေကျပ် ၅၀၀၊ ၆၀၀ လောက်ပဲရှိတယ်၊ အစာဖိုးနဲ့ ဆေးဖိုးပေါင်းလိုက်ရင် တစ်ကောင်မှ ငွေကျပ် ၂၈၀၀ လောက်ပဲ ကုန်ကျတယ်။ ကြက်တစ်ကောင်မွေးရင် တစ်ပိဿာခွဲလောက်ရှိတယ်။ တစ်ပိဿာကို အနည်းဆုံး ငွေကျပ် ၄၀၀၀ နှုန်းရှိပါတယ်" ဟု ရွှေမြို့မွေးမြူရေးဇုန် (၂)မှ မွေးမြူရေးလုပ်ငန်းရှင် ဦးဇော်မင်းဦးက မြန်မာ့အလင်းသို့ ပြောသည်။

"အသားတိုးကြက်က တစ်ပိဿာ ငွေကျပ် ၃၀၀၀ အောက် မရောက်ဘူးဆိုရင် ရှုံးစရာအကြောင်းမရှိပါဘူး၊ များများမွေးနိုင်ရင် ပိုပြီးကိုက်ပါတယ်၊ ကျွန်တော့်အနေနဲ့ တစ်လကို အနည်းဆုံး ပိဿာချိန် ၄၅၀၀၀ ကနေ ပိဿာချိန် ၅၀၀၀၀ အထိ ထုတ်လုပ်ပေးနေပါတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

အသားတိုးကြက်များကို ယခုအခါ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်သူများအပြင် တပ်ရင်းတပ်ဖွဲ့များကပါ အဓိက ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် ကြက်သားကို ဟင်းလျာအဖြစ် တစ်ခုတည်းသာမဟုတ်တော့ဘဲ စီပီကြက်ကြော်ဆိုင်များနှင့် ကြက်ကင်ဆိုင်များ တိုးပွားလာသဖြင့် ပြည်သူတို့ ကြက်သားစားသုံးမှုပုံစံပြောင်းလဲလာသည်ကို တွေ့ရသည်။ ကြက်သားစားသုံးမှုပုံစံ ပြောင်းလဲလာသည်နှင့်အမျှ ကြက်သားဝယ်လိုအားမှာလည်း ကောင်းလာသည်။

ယခုအခါ ဈေးကွက်အတွင်း စီပီကြက် တစ်ပိဿာကို ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း ရောင်းချလျက်ရှိသည်။ သို့သော်လည်း အိမ်မွေး အသားစားကြက်ဈေးမှာ တစ်ပိဿာငွေကျပ် ၅၀၀၀ အထက်ဈေးရှိနေသဖြင့် ဈေးကြီးပေးဝယ်စားနေကြရသည်။

စီပီကြက်များမွေးမြူရာတွင် မပူလွန်း၊ မအေးလွန်းရာသီဥတုတွင် ကောင်းစွာဖြစ်ထွန်းပြီး အသေအပျောက်နည်းပါး၍ စီးပွားရေးတွက်ခြေကိုက်ကြောင်း သိရသည်။

ဈေးကွက် စီးပွားရေးနှင့်အတူ စီပီကြက်များကို အဆင့်မြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်၍ အမြောက်အမြားထုတ်လုပ်၊ များများမွေး၊ မြန်မြန်ထုတ်လုပ်စနစ် ကျင့်သုံးမည်ဆိုပါက စီးပွားရေး လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ပါသည်။

(မြန်မာ့အလင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်းပိုင် ဆိပ်ခံဘော (Pontoon) (၁၆၀'×၈၀'×၇')အား လွန်းတင်ပြင်ဆင်ခြင်း၊ ဆိပ်ကမ်းတွင် ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါပုံစံများကို ၂၂-၈-၂၀၁၃ရက်မှ ၃၀-၈-၂၀၁၃ရက်အထိ ရုံးအမှတ် (၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၃၀-၈-၂၀၁၃ရက် ညနေ ၁၆:၀၀နာရီ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၆၀နှင့် ၀၆၇-၄၀၈၂၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက် လိုအပ်သောမီးထိုးဆီများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်	
မီးထိုးဆီ	(၁၀၀၀၀၀)ဂါလန်	စဥ့်ကူးနှင့်ပျော့ဖတ်စက်ရုံ(ရေနီ)မှ အမှတ်(၃၆)အကြီးစားစက်ရုံသို့

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၉-၂၀၁၃ ရက် မွန်းလွဲ ၁၅:၀၀ နာရီ၊ သောကြာနေ့ ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ကောင်စီနယ်မြေ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုက်နယ်ဆေးရုံ (၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခုနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၁၈၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှောက်လွှာနှင့်အဆောက်အအုံပုံစံရောင်းချမည့်ရက် - ၂၆-၈-၂၀၁၃ရက်
လျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၅-၉-၂၀၁၃ ရက် ညနေ ၄:၃၀ နာရီ

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို (Leeco) (3' × 1' × 6')	၁၀
၂။	သစ်သားဗီရို(ကျွန်း)(၆'×၃'×၁'၆")	၆
၃။	ဓာတ်ခွဲခန်းသုံးစားပွဲ (၈'×၄'×၃'၆")	၉
၄။	ဖိုင်တင်စင် (၆'×၄'×၁'၆")	၈
၅။	အရာရှိစားပွဲ (၆'×၄' × ၂'၆")	၄
၆။	Computer Table	၁၆
၇။	Aluminium Ladder (14 feets, 2 way Combination)	၃
၈။	စကားပြောစင်မြင့်	၁

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၃ ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)
ဖုန်း-၀၆၇-၄၀၁၄၂၅၊ ၄၀၁၄၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို (Leeco)(၆'×၃'× ၁')	၂
၂။	ဖိုင်တင်စင် (၆'×၄'×၁'-၆")	၈
၃။	အရာရှိစားပွဲ (၆'×၄'×၂'-၆")	၁၂
၄။	Computer Table	၁၅
၅။	Aluminium Ladder (14 feet 2 way Cambination)	၂

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၃ ရက်၊ ၁၆:၀၀ နာရီတွင် နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)
ဖုန်း-၀၆၆-၅၀၉၇၁၊ ၀၆၆-၅၀၉၇၂၊ ၀၉-၄၀၃၇၁၄၆၇၈

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း စက်ရုံခွဲ(၃)ရုံအား
ပုဂ္ဂလိကသို့ ငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံခွဲ(၃)ရုံအား ငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များမှ ၁၂-၉-၂၀၁၃ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(၁) အမှတ်(၆) အထည်စက်ရုံခွဲ (မုံရွာ)
(၂) အမှတ်(၇) အထည်စက်ရုံခွဲ (ဝမ်းတွင်း)
(၃) အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း)
(အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်)

ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ - ညွှန်ကြားရေးမှူး၊ အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန ရုံးအမှတ် ၃၇၊ နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅

Aluminium Top Seal အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့်** - Aluminium Top Seal
အရေအတွက် - ၂၇၅၀၀၀၀ ခု
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၉-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်	၀၆၇-၄၀၈၃၅၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော 100 KVA မီးစက်၊ လေအေးပေးစက်များ၊ Central Round Air-Con System 1 Unit၊ Microscope မျိုးစုံ ၁၆ လုံးနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာ၊ ထွန်ထယ်နှင့်နောက်တွဲပစ္စည်းများ၊ တာယာ၊ ဘက်ထရီနှင့် စက်ဆီချောဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၁၀-၂၀၁၃ ရက် ၁၁:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၂၉၇၊ ၀၆၇-၄၁၀၅၁၅တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၃၊ နေပြည်တော်

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်သန့်ဇင်၏ ဖခင်အမည်မှန်မှာ ဦးသန်းမွေး ၁၃/လရန(နိုင်)၀၃၈၈၁၆ ဖြစ်ပါကြောင်း။

ဦးသန်းမွေး

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်၊ မ-၁၇၀တွင်နေထိုင်သော နန်းယွေ့ဆိုင်နော် ၁၃/ နခန(နိုင်)၀၇၄၀၀၄ ၏ဖခင်အမည်မှန်မှာ ဦးကျော်အေး ဖြစ်ပါကြောင်း။

ဦးကျော်အေး

ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ မီးလင်းရေးအတွက် လှေကူးတို့ဆိပ်တွင် စုပေါင်းရန်ပုံငွေရှာ

အင်းတော် ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မြသီတာ အုပ်စု သီလရွာတွင် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီမီးလင်းရေးအတွက် မဲဇာချောင်း လှေကူးတို့ဆိပ်တွင် စက်လှေဖြင့် ခရီးသည်များအား ပို့ဆောင်ပေး၍ ရန်ပုံငွေရှာခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သီလရွာသည် အင်းတော်မြို့နယ်အဆုံး ဗန်းမောက်မြို့နယ်အစ မြသီတာရွာမဲဇာချောင်း၏ တစ်ဖက်ကမ်းရှိ အိမ်ခြေ ၁၇၈ အိမ်ရှိ ရွာကြီးဖြစ်သည်။ အင်းတော်-ဗန်းမောက် လျှပ်စစ်မီးလိုင်းနှင့် နီးကပ်လျက်ရှိသော်လည်း ၂၄ နာရီ မီးမရရှိသေးသည့် ရွာလည်းဖြစ်သည်။ ၎င်းရွာအနီးရှိ ကျွန်းတောကျေးရွာမှာ လွန်ခဲ့သောတစ်နှစ်ခန့်က ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သဖြင့် သီလရွာမှာလည်း ၂၄ နာရီ မီးရရှိရေးအတွက် ရန်ပုံငွေရှာဖွေနေခြင်းဖြစ်ကြောင်း၊ ရန်ပုံငွေရရှိရေးအတွက် ကျေးရွာမှ ဆယ်အိမ်ခေါင်း ၁၇ ဦးကို ဦးဆောင်စေ၍ အဖွဲ့ဖွဲ့ကာ တစ်ရက်လျှင် တစ်ဖွဲ့နှုန်းဖြင့် စက်လှေဖြင့် ခရီးသည်များကို သယ်ယူပို့ဆောင်ကာ ရန်ပုံငွေရှာဖွေနေကြခြင်းဖြစ်ကြောင်း၊ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၂၅၀၊ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ပို့ဆောင်ပေးနေကြောင်း သိရသည်။ မဲဇာချောင်းသည် အကျယ်ပေ ၈၀၀ ရှိပြီး မိုးရာသီရေများချိန်တွင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများအတွက် သွားလာရေးအခက်အခဲများ ကြုံတွေ့နေရသဖြင့်သွားလာရေးလွယ်ကူစေရန်အတွက် ချောင်းကိုဖြတ်သန်းသော ခိုင်ခံ့ပြီး အာမခံရှိသည့်တံတားတစ်စင်း(ကြိုးတံတား)ကို ဆောက်လုပ်ရန် ဆန္ဒရှိသော်လည်း ငွေကြေးမတတ်နိုင်သဖြင့် နိုင်ငံတော်နှင့် အလှူရှင်များက ပူးပေါင်းပါဝင်ကာ ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများထံမှ ကြားသိရသည်။

နီတိုး

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

အခမ်းအနားမှူးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်း (၁/၂၀၁၃) ဆင်းပွဲကိုရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး လွှတ်တော်ရုံးဝင်းရှင်စောပုလမ်း ဒဂုံမြို့နယ်၌ ဩဂုတ် ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မိမိတို့တိုင်းဒေသကြီးအတွင်းပညာရေး၊လူမှုရေး နယ်ပယ်အသီးသီးတို့၏ အခမ်းအနားများတွင် အရည်အချင်းပြည့်ဝသည့် အခမ်းအနားမှူးကောင်းများစွာ ပေါ်ထွက်လာဖို့အတွက် လည်းကောင်း၊ အခမ်းအနားမှူးတစ်ဦး၏ဆောင်ရွက်ရမည့် လုပ်ငန်းစနစ်များ နားလည်တတ်ကျွမ်းပြီး မှန်ကန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း စသည်ဖြင့် သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ပေးအပ်ခဲ့

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက ထူးချွန်သင်တန်းသူတစ်ဦးအား ဆုချီးမြှင့်ပေးခဲ့ပြီး **(အပေါ်ပုံ)** နာယက ဒေါ်ခင်သက်ဌေးနှင့်ဒေါ်ခင်အေးနွယ်တို့က သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မီးမီး(လှိုင်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကုန်တင်ယာဉ်ကြီးများ စည်းကမ်းလိုက်နာစေချင်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်သည် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးနှင့်ကပ်လျက်ရှိသည့်ရပ်ကွက်ဖြစ်သည်။ ထို့အပြင် ပြည်လမ်းမကြီးပေါ်တွင် တည်ရှိပြီး လောကချမ်းသာ အဘယလာဘမုနိကျောက်တော်ကြီးဘုရား တည်ရှိရာ အရှေ့ကြို့ကုန်းရပ်ကွက်နှင့်ဆက်စပ်လျက်ရှိသည့် ရပ်ကွက်ဖြစ်သည်။ ရန်ကုန်မြို့၏ အချက်အချာကျသော ရပ်ကွက်ဆိုလျှင် မှားမည်မထင်ပါ။

လေဆိပ်မှ ဝင်ထွက်သွားလာသည့် ပြည်တွင်းပြည်ပခရီးသည်များနှင့် ပထမဆုံး စတင်ထိတွေ့သော ရပ်ကွက်လည်းဖြစ်သည်။ ပြည်လမ်းသည်ပင် နိုင်ငံခြား သားခရီးသည်များ၊ အရေးကြီးပုဂ္ဂိုလ်များ၊ လေဆိပ်မှ ကျောက်တော်ကြီးဘုရားသို့ ခြေကျင်လျှောက်သောနိုင်ငံခြားသားခရီးသည်များ အသုံးပြုသွားလာသော လမ်းမကြီးဖြစ်သည်။

သို့သော် ယခုအခါ စော်ဘွားကြီးကုန်းပွဲရုံဝင်းအတွင်းမှ အိမ်ဆောက်ပစ္စည်းဆိုင်များမှာ မြို့တော်စည်ပင်မှ သတ်မှတ်ထားသော ဝင်းအတွင်းရောင်းချခြင်းမပြုဘဲ ပြည်လမ်းမပေါ်တွင် ဆိုင်များဖွင့်လှစ်ရောင်းချလာသည်။ ထို့အပြင် အဆိုပါ အိမ်ဆောက်ပစ္စည်းဆိုင်များမှာ ဆိုင်ရှေ့ လူသွားပလက်ဖောင်းများကိုဖျက်ဆီးပြီး ကားပါကင်ပြုလုပ်ခြင်း၊ အိမ်ဆောက်ပစ္စည်းများပုံ၍ ရောင်းချခြင်း၊ ကုန်တင်ယာဉ်ကြီးများ၊ အနေးယာဉ်များ ဝင်ထွက်ခွင့်မပြုသော ပြည်လမ်းမပေါ်တွင် နေ့စဉ်နှင့်အမျှ ကွန်တိန်နာယာဉ် ၁၂ ဘီး၊ ၁၀ ဘီး၊ ခြောက်ဘီး စသော ကုန်တင်ယာဉ်ကြီးများ စည်းကမ်းပျက်ဝင်ထွက်သွားနေသောကြောင့် ခြေကျင်လျှောက်သူများ ပလက်ဖောင်းမရှိသဖြင့် လမ်းမပေါ်သို့ဆင်းပြီးလမ်းလျှောက်နေရခြင်း၊ ကားကြီးများ အချိုးအကွေ့ကြောင့် ယာဉ်ကြောပိတ်ဆို့ပြီး ယာဉ်တိုက်မှုများ မကြာခဏဖြစ်နေခြင်း၊ အရေးပေါ်ယာဉ် အရေးကြီးယာဉ် လမ်းအချိန်ကြန့်ကြာနေရခြင်းများဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် လူသွားပလက်ဖောင်းများကိုဖျက်၍ ပစ္စည်းများထားကာ ရောင်းချခြင်း၊ ကားပါကင်ပြုလုပ်ခြင်း၊ ခရီးသွားပြည်သူများ ကားလမ်းပေါ်မှ သွားလာနေရခြင်း၊ ယာဉ်တိုက်မှု၊ ယာဉ်ကြောပိတ်ဆို့မှုတို့ မကြာခဏ ဖြစ်နေခြင်းတို့ကို စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်ရပ်ကွက်သူ ရပ်ကွက်သားများမှာ စိတ်မချမ်းမြေ့မှုများနှင့် နေ့စဉ်တွေ့ကြုံနေရကြောင်း သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တင်ပြလိုက်ပါသည်။

(ပြန်/ဆက်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား စီမံကိန်းစခန်းနှင့် ဘီလပ်မြေစက်ရုံတို့မှ စီမံကိန်းနေရာများသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် (၁၉.၈.၂၀၁၃)ရက်
၃။ တင်ဒါပိတ်မည့်ရက် (၂၃.၈.၂၀၁၃)
၄။ တင်ဒါပိတ်မည့်အချိန် ၁၂:၀၀
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၁၀၂၀၉, ၄၁၀၂၈၂

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း
အထူးစီမံကိန်းကြီးအဖွဲ့(၅)
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် အောက်ဖော်ပြပါ ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

(က) သံချောင်းလုံး(ရှယ်စုံ) (၄၄၂) တန်

တင်ဒါပိတ်မည့်နေ့ရက်/အချိန်	- ၃၀. ၈. ၂၀၁၃ရက်၊ (၁၃:၀၀)နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	- ၃၀. ၈. ၂၀၁၃ရက်၊ (၁၄:၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ	- ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းရုံး မရမ်းကုန်းမြို့နယ်။

တင်ဒါစည်းကမ်းအချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို (၁၈.၈. ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

ပျောက်ဆုံးခြင်း
ဦးလက်ခိုဟောင်း၏သား မောင်ကမ်ဂင်းထန်၏ နိုင်ငံကူးလက်မှတ် M-၇၂၈၅၃၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၅၀၅၂၁၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ရုံးသုံးစာရေးကိရိယာပစ္စည်းများ	(၁၅) မျိုး
(ခ)	ကွန်ပျူတာနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ	(၁၁) မျိုး

၂။ တင်ဒါပိတ်ရက်မှာ (၁၂ . ၉ . ၂၀၁၃) နေ့ (၁၂:၀၀) နာရီဖြစ်ပြီး၊ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်- ၂၀၀၀/- နှုန်းဖြင့် (၁၅ . ၈ . ၂၀၁၃) ရက်နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း
အမှတ်-၇၄/၇၆ ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း - ၂၅၄၆၇၆ ၊ ၀၉၅၁၅၅၀၉၄

Free Website များ ရေးတင်နည်း

အခမဲ့
မျိုးသူရ
Website များရေးတင်နည်း
ကိုယ်ပိုင် Domain အမည်ဖြင့် Email အသုံးပြုနည်း
Joomla ဖြင့်ရေးနည်း
Dreamweaver ဖြင့်ရေးနည်း
Web-sites ရေးဖွဲ့ရန် အခြေခံသိမှတ်စရာများနှင့် Software များ၊
မျက်ပွင့်စာပေ - ဖုန်း-၀၉-၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀၅၈၈၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅ဃ/၇၈၀၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၁၀/မလမ(နိုင်)၁၈၁၂၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊မော်လမြိုင်မြို့**

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ ကျွန်တော် ဦးအောင်သက်ဝင်း ၉/မရမ(နိုင်)၀၄၅၉၆၉၏ဇနီး မခင်ဌေး ၈/ပခက(နိုင်)၀၅၉၂၆၉သည် မိသားစုဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်နှင့် ကျွန်တော်မကြိုက်မနှစ်သက်သောကိစ္စရပ်များကို အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ လုံး၀(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးအောင်သက်ဝင်း ၉/မရမ(နိုင်)၀၄၅၉၆၉
အမှတ် (၁၂)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ ပခုက္ကူမြို့

ဖခင်အမည်မှန်
နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာမှ မမို့မို့အေး တက္ကသိုလ်ဝင်တန်း အထက-၂၂၊ ပြန်ကပြေးနေ ကျောင်းဝင် ဖခင်အမည် ဦးမောင်အေးမှာ လွဲမှားနေပါ၍ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၉/ပမန(နိုင်)၁၀၉၅၃၂ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်**

အမည်ပြောင်း
မြန်မာရာဇာပုဂ္ဂလိက ကိုယ်ပိုင် အထက်တန်းကျောင်းမှ ဦးဆိုင်ဆန်း-ဒေါ်ယေ့နန်းတို့၏သား မောင်အိုက်ခွန်းဆန်အား မောင်အိုက်ခွန်းစံဟု ခေါ်ပါရန်။
မောင်အိုက်ခွန်းစံ

အမည်မှန်
